# ညှဉ်းပန်းနှိပ်စက်ရန် လေ့ကျင့်ထားသူများ

ရှမ်းပြည်နယ်မြောက်ပိုင်း၊ တအာင်းဒေသတွင်
မြန်မာ့တပ်မတော်က စနစ်တကျ စစ်ရာဇဝတ်မှုများ
ကျူးလွန်နေခြင်း
(မတ်လ ၂၀၁၁ ခုနှစ် - မတ်လ ၂၀၁၆ ခုနှစ်)

တအာင်းအမျိုးသမီး အဖွဲ့အစည်း (TWO)



# ညှဥ်းပန်းနှိပ်စက်ရန်
# လေ့ကျင့်ထားသူများ

ရှမ်းပြည်နယ်မြောက်ပိုင်း၊ တအာင်းဒေသတွင် မြန်မာ့တပ်မတော်က
စနစ်တကျ စစ်ရာဇဝတ်မှုများ ကျူးလွန်နေခြင်း
(မတ်လ ၂၀၁၁ ခုနှစ် - မတ်လ ၂၀၁၆ ခုနှစ်)

တအာင်းအမျိုးသမီး အဖွဲ့အစည်း (TWO)

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် နစ်နာသူများမှ အမှန်တရားကို လိုလားပြီး သူတို့၏ အသံနှင့် အတွေ့အကြုံအဖြစ်အပျက်မှန်များကို အများပြည်သူသိစေရန်နှင့် နိုင်ငံတကာ အသိုင်းအဝိုင်းများ သိစေရန်အတွက် သတ္တိပြောင်မြောက်စွာ ဖွင့်ဟဖော်ပြမှုသည် တန်းဖိုး မဖြတ်နိုင်သော အရာဖြစ်ပြီး မိမိတို့ တအာင်းအမျိုးသမီးအဖွဲ့အစည်းမှလည်း အထူး ကျေးဇူးတင် မှတ်တမ်းတင်အပ်သည်။ ထို့အပြင် ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် ကွင်းဆင်းလေ့လာနိုင်ရန် မိမိတို့အား ကူညီပေးသော တအာင်းခေါင်းဆောင်များ၊ တအာင်း လူထု အသိုင်းအဝိုင်းများကိုလည်း အထူးကျေးဇူတင်ရှိပါသည်။

အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ရန်ပုံငွေအပြင် လိုအပ်သော ပံ့ပိုးမှုများအတွက် Burma Relief Center (BRC) ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် ဤ အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ဒီဇိုင်းဆွဲပေးသောသူများ၊ မြေပုံဆွဲပေးသောသူများ၊ ဤအစီရင်ခံစာ ဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီခဲ့သည့်အဖွဲ့ဝင်များနှင့် တအာင်း အမျိုးသမီးအဖွဲ့အစည်း၏ မှတ်တမ်းနှင့် သုတေသနဌာနမှ ဝန်ထမ်းအား ကျေးဇူးတင်ရှိ ကြောင်း ဖော်ပြလိုပါသည်။

# မာတိကာ


အကျဉ်းချုပ် ၁
သုတေသနပြုသောနည်းနာ ၅
နောက်ခံကြောင်းရာ ၆
မြန်မာ့တပ်မတော် စစ်အင်အားတိုးချဲ့လာခြင်းနှင့် တအာင်းဒေသသို့ ပဋိပက္ခစစ်ပွဲများ ပြန့်နှံ့လာခြင်း ၈
"သွေးခွဲအုပ်ချုပ်ရေးစနစ်" အတွက် ဒေသခံပြည်သူ့စစ် လက်နက်ကိုင်များကို ဆက်လက်၍ မှီခိုအားထားနေခြင်း ၁၀
ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ တအာင်းတို့ကို ဖယ်ကျဉ်ထားခြင်း ၁၃
တအာင်းဒေသတွင် မြန်မာ့တပ်မတော်၏ လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် သုံးသပ်ချက် (မတ်လ ၂၀၁၁ ခုနှစ် - မတ်လ ၂၀၁၆ ခုနှစ်) ၁၄
၁။ အရပ်သားများကို ညှဉ်းပန်းနှိပ်စက်ခြင်း ၁၆
- တအာင်း စစ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်ခြင်း နှင့် သတ်ဖြတ်ခြင်း ၁၉
- အစိုးရနှင့် မဟာမိတ်ပြုထားသည့် ပြည်သူ့စစ်လက်နက်ကိုင်များက ညှဉ်းပန်းနှိပ်စက်ခြင်း ၂၀
၂။ အရပ်သားများကို တရားမဝင်သတ်ဖြတ်ခြင်း ၂၁
၃။ လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ၂၂
၄။ အရပ်သားပစ်မှတ်များကို လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ ဗုံးကျဲခြင်း၊ သေနတ်ဖြင့် ပစ်ခတ်ခြင်း။ ၂၃
၅။ အဓမ္မပေါ်တာ ခိုင်းစေခြင်း၊ အရပ်သားများကို လူသားဒိုင်းကာအဖြစ် အသုံးပြုခြင်း ၂၅
အရပ်သားပိုင်ဆိုင်မှုများကို လုယက်ခြင်း၊ ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်း ၂၇
တရားမျှတမှု မရရှိနိုင်ခြင်း ၂၉
နိဂုံးနှင့် အကြံပြုချက်များ ၃၀
နောက်ဆက်တွဲများ ၃၂
မြန်မာ့တပ်မတော်နှင့် အခြားသော လုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်ချိုးဖောက်မှုများစာရင်း အသေးစိတ် (TWO မှ
မှတ်တမ်းတင် ထားသည်။) (မတ်လ ၂၀၁၁ ခုနှစ် - မတ်လ ၂၀၁၆ ခုနှစ်) ၃၂
ရှမ်းပြည်နယ် မြောက်ပိုင်း တအာင်းဒေသတွင် (၂၀၁၁-၂၀၁၆ ခုနှစ်များအတွင်း) အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများ အကျဉ်းချုပ် ၅၄
ရှမ်းပြည်နယ် မြောက်ပိုင်း တအာင်းဒေသရှိ အစိုးရကိုလိုလားသည့် ပြည်သူ့စစ်လက်နက်ကိုင် တပ်ဖွဲ့များ ၅၉

# အကျဉ်းချုပ်

တအာင်း (ပလောင်) အမျိုးသမီး အဖွဲ့အစည်း (TWO) က ရှမ်းပြည်နယ် မြောက်ပိုင်း၊ တအာင်းဒေသရှိ လူ့အခွင့်အရေးချိုးဖောက်မှုများကို ၂၀၁၁ ခုနှစ်၊ မတ်လ မှ ၂၀၁၆ ခုနှစ် မတ်လအထိ မှတ်တမ်းပြုစုထားခဲ့ရာ၊ မြန်မာ့ တပ်မတော်က စစ်ရာဇဝတ်မှုများကို စနစ်တကျနှင့် အကျယ်အပြန့် ကျူးလွန်နေကြောင်း ဖော်ပြနေပါသည်။ အထူးသဖြင့် ညှဉ်းပန်းနှိပ်စက်မှု၊ အရပ်သားပစ်မှတ်များ အပေါ် တိုက်ခိုက်ပုံးကျဲခြင်း၊ အရပ်သားများကို အဓမ္မပေါ်တာ ခိုင်းစေခြင်း နှင့် လူသားဒိုင်းကာအဖြစ် အသုံးချနေခြင်းများ ဖြစ်ပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းများ တစ်ဖက်တွင် ဆောင်ရွက်နေသော်လည်း၊ ၂၀၁၁ ခုနှစ်မှ စတင်၍၊ မြန်မာ့တပ်မတော်က တပ်ဖွဲ့အင်အားများ ဆက်လက် တိုးချဲ့နေပြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တအာင်းအမျိုးသား လွတ် မြောက်ရေး တပ်မတော် (TNLA) အပါအဝင်၊ တိုင်းရင်းသား တော်လှန်ရေး အင်အားစုများအပေါ် ထိုးစစ်ကြီးများ ဆင်နွှဲနေခဲ့ပါသည်။ တအာင်းဒေသ ရှိ မြန်မာ့တပ်မတော်အင်အားမှာ ၂၀၁၁ ခုနှစ်တွင် ၃,၀၀၀ မှ ၂၀၁၆ ခုနှစ် တွင် ၁၂,၀၀၀ ဦးသို့ တိုးတက်များပြားလာခဲ့သည်။ မြန်မာပြည် အလယ် ပိုင်းမှ တိုက်ခိုက်ရေး ခြေမြန်တပ်မ အနည်းဆုံး ၇ ခုကျော်ကိုလည်း ချ ထားခဲ့သည်။ ပုံးကျဲခြင်း အပါအဝင် ပြင်းထန်သည့် တိုက်ခိုက်မှုများကြောင့် တအာင်းကျေးရွာလူထု ၁၄,၀၀၀ ကျော် အိုးအိမ်စွန့်ပစ် ထွက်ပြေးခဲ့ကြ ရပြီး၊ ယင်းတို့ အများစုမှာ ယခုတိုင် အိမ်ပြန်နိုင်ကြခြင်း မရှိသေးပေ။

အများဆုံး မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးကျူးလွန်ချိုးဖောက်မှုများမှာ၊ စစ်ရာဇဝတ်မှုများသို့တိုင် သက်ရောက်စေပြီး ယင်းတို့ကို အောက်ပါ အတိုင်း အကျဉ်းချုပ်ဖော်ပြနိုင်ပါသည်။

| လူ့အခွင့်အရေး ချိုးဖောက်မှုများ | နေရာ | ချိုးဖောက်ကျူးလွန်ခံရသည့် ရွာသားများ အရေအတွက် | ချိုးဖောက်ကျူးလွန်သည့် မြန်မာ့ တပ်မတော် တပ်ရင်းများ/ တပ်မများ အရေအတွက် |
|---|---|---|---|
| ညှဉ်းပန်းနှိပ်စက်မှု | ၃၃ ရွာ၊ ၈ မြို့နယ် | ၁၁၇ | ၁၈ |
| အရပ်သားပစ်မှတ်များအပေါ် လက်နက်ကြီးဖြင့် ပစ်ခြင်း/ ပုံးကျဲခြင်း | ၂၉ ရွာ၊ ၉ မြို့နယ် | ၁၇ ဦးသတ်ဖြတ်ခံရ၊ ၃၅ ဦး ဒဏ်ရာရ လူထောင်ပေါင်းများစွာ အန္တရာယ်တွေ့ကြုံရ | ၁၉ |
| အဓမ္မပေါ်တာဆွဲခြင်း၊ လူသား ဒိုင်းကာအဖြစ် အသုံးပြုခြင်း | ၂၄ ရွာ၊ ၇ မြို့နယ် | လူ ၁,၀၀၀ ကျော် | ၂၀ |

ညှဉ်းပန်းနှိပ်စက်မှုများကို အကျယ်အပြန့် အသုံးပြုနေရာ၊ အထူးသဖြင့် ဤအချက်များသည် စစ်ရာဇဝတ်မှုများကို စနစ်တကျ ကျူးလွန်ရာရောက်ကြောင်း အထောက်အထားဖြစ်စေပါသည်။ ကျေးရွာခေါင်းဆောင်နှင့် ဘုန်းတော်ကြီးများ အပါအဝင် နှိပ်စက်ညှဉ်းပန်းခံရသူ အရပ်သား ၁၁၇ ဦးတို့မှာ အကြီးအကျယ် ထိခိုက်နာကျဉ် ခံစားကြရပြီး၊ စိတ်ပိုင်းဆိုင်ရာအရလည်း ထိခိုက်ပျက်ယွင်းမှု ရှိစေခဲ့သည်။ နှိပ်စက်ညှဉ်းပန်းမှု ရလဒ်များကြောင့် လူ ၄ ဦး သေဆုံးခဲ့ရပါသည်။

အသုံးများသော ညှဉ်းပန်းနှိပ်သက်မှုနည်းနာများတွင် ကျေးရွာလူထုများကို ကြိုးဖြင့်တုပ်နှောင်ခြင်း၊ သေနတ်များဖြင့် ရိုက်နက် ကန်ကျောက်ခြင်းတို့ ပါဝင်သည်။ ဤသို့ညှဉ်းပန်းနှိပ်စက်မှု မှတ်တမ်းဗီဒီယိုသက်သေများမှာ လူမှုမီဒီယာများအပေါ်တွင် အကျယ်အပြန့် ဖြန့်ဝေနေကြကာ၊ ခြေလျင်တပ်ရင်း (ခလရ) ၃၂၄ က ညှဉ်းပန်းနှိပ်စက်သည့် ကျေးရွာလူထု ၁၁ ဦးနှင့် ပန်းသေပြည်သူ့စစ်တပ်ဖွဲ့များက နမ့်ခမ်းမြို့နယ်၊ စေကင်ကျေးရွာတွင် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့က ကျူးလွန်ခဲ့သော ညှဉ်းပန်းနှိပ်စက်မှုများ အပါအဝင် ဖြစ်သည်။

မြန်မာအစိုးရတပ်များက ကျင့်သုံးသော အခြားညှဉ်းပန်းနှိပ်စက်မှုနည်းနာများတွင် ပလပ်စတစ်အိပ်ဖြင့် လေမွန်း အသက်ရှူကျပ်အောင်ပြုခြင်း၊ လည်ချောင်းတွင်းသို့ ဓာတ်ဆီလောင်းချခြင်း၊ ဓားဖြင့်ထိုးခြင်း၊ မီးရှို့ခြင်း၊ ကျေးရွာ လူထုများ၏ လက်များရှိ အရေပြားကိုဓားဖြင့်မွှန်းခြင်းများ ပါဝင်သည်။ မြန်မာစစ်တပ်များက (TNLA) စစ်သုံ့ပန်း ၈ ဦးကို မသတ်ဖြတ်မီ၊ လူအသက်ရှင်လျက် အရေခွံဆုပ်ခွာခြင်းကို ကျူးလွန်ခဲ့ကြောင်း၊ တအာင်းအမျိုးသမီး အဖွဲ့အစည်း (TWO) က ဖြစ်ရပ် ၃ ခုတွင် မှတ်တမ်းတင်နိုင်ခဲ့သည်။

ဒေသတွင်းရှိ တပ်ဖွဲ့များကလည်း၊ မြန်မာနိုင်ငံ အလယ်ပိုင်းအခြေစိုက် တပ်ရင်းများနည်းတူ ညှဉ်းပန်းနှိပ်စက်မှု နည်းနာများကို အလားတူပင် ကျင့်သုံးကြသည်။ ယင်းဖြစ်ရပ်များက ဖော်ပြနေသည်မှာ ဤညှဉ်းပန်းနှိပ်စက်မှုများသည် မြန်မာ့ တပ်မတော်၏ တိုက်ခိုက်ရေးသင်တန်းများတွင် ပါဝင်နေသည်ဟု ယူဆနိုင်ပြီး၊ ပုံမှန်ကျင့်ထုံးများအဖြစ် ခွင့်ပြုအာဏာပေးထားပုံရသည်။ ဤသို့ညှဉ်းပန်းနှိပ်စက်မှုများမှာ ပြောင်ကျကျ စစ်ရာဇဝတ်မှုကို ချိုးဖောက်ကျင့်သုံးမှုပင် ဖြစ်ပါသည်။

မကြာခဏဆိုသကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ကြသော ရာဇဝတ်မှုများတွင် တရားမဝင်သတ်ဖြတ်ခြင်း၊ လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများ၊ ပိုင်ဆိုင်မှုပစ္စည်းများကို ဖျက်ဆီးခြင်းများ ပါဝင်သည်။ မုဒိမ်းပြုကျင့်မှုများအတွက် အပြစ်ကင်းလွတ် နေထိုင်ခွင့်ရှိကြောင်း စစ်တပ်၏ ယုံကြည်ချက်မှာလည်း ဆက်လက်၍ အခိုင်အမာ တည်ရှိနေသည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် စစ်သားတစ်ဦးက အခြားကျေးရွာလူထုများ၏ ရှေ့မှောက်တွင် စကားဆွံ့အနေသူ မိန်းကလေးငယ်တစ်ဦးကို မုဒိမ်းပြုကျင့်ခဲ့သည်။ သေနတ်ကိုင် ဆောင်ထားသောကြောင့် မည်သူမျှ ဟန့်တားမဝန့်ကြပေ။

လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရပ်သားပြည်သူများ၏ ကြီးကြပ်မှုမှ ကင်းလွတ်ခွင့်ရနေသည့် မြန်မာ့တပ်မတော်သည် "ငြိမ်းချမ်းရေး လုပ်ငန်းစဉ်" အပေါ် အာခံလျက်၊ တိုင်းရင်းသားဒေသများတွင် ထိုးစစ်များ ဆက်လက်ဆင်နွှဲနေခြင်းနှင့်၊ တိုင်းရင်းသားပြည်သူများအပေါ် နိုင်ငံတကာ လူသားချင်း စာနာမှုဥပဒေများကို ပြောင်ပြောင်တင်းတင်းချိုးဖောက်၍ စစ်ရာဇဝတ်မှုများ ဆက်လက်၍ ကျူးလွန်နေခြင်းအပေါ် တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO) က အထူး စိုးရိမ်ပူပန်မိပါသည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) က စစ်တပ်၏ အာဏာကို ချုပ်ထိန်းရန်နှင့် ယင်း၏စစ်ရာဇဝတ်မှုများ ကျူးလွန်နေမှု၊ ကျူးလွန်မှုများအပေါ် အပြစ်ကင်းလွတ်နေနိုင်ခွင့်တို့ကို ချုပ်ထိန်းကန့်သတ်ရန် အရေးတကြီး လိုအပ်နေပါသည်။ လက်ရှိအစိုးရအောက်တွင် စစ်တပ်နှင့် အာဏာခွဲဝေရယူခြင်းမျှဖြင့်၊ စစ်တပ်၏ ဗိုလ်နေမြဲကျားနေမြဲ အခြေအနေကို ဆက်လက်ထိန်းသိမ်းထားပေးရုံမျှသာ ရှိပါမည်။ စစ်ပွဲများကို ဆက်လက်ကျူးလွန်နေစေမည် ဖြစ်ပြီး၊ တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း မဖော်ပြနိုင်သည့် နစ်နာခံစားမှုများကို ဆက်လက်၍ ထိခိုက်ခံစားနေရစေမည် ဖြစ်ပါတော့သည်။

# သို့အတွက်ကြောင့် တအောင်းအမျိုးသမီး အဖွဲ့အစည်းက အောင်ပါအချက်များကို တောင်းဆိုလိုက်ပါသည်။

## အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အစိုးရသစ်သို့ -

- တစ်နိုင်ငံလုံး အပစ်ရပ်စဲရေးအတွက် ချက်ချင်း အမိန့်ထုတ်ပြန်ပါရန်နှင့် အပြည့်အဝ အင်အားစုအားလုံးပါဝင်နိုင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အသစ်ကို စတင်ပါရန်။ ယင်းတွင် တိုင်းရင်းသား တော်လှန်ရေးအင်အားစုအားလုံး စစ်မှန်သည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ခွင့် ရှိစေရမည် ဖြစ်ပါသည်။
- လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပြစ်တင်ရှုံ့ချရန်နှင့် အဆုံးသတ်စေရန်။ ယင်းတို့တွင် တိုင်းရင်းသားဒေသများ အတွင်းရှိ အရပ်သား ဧရိယာများကို မြန်မာတပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ ဗုံးကျဲခြင်းများ အပါအဝင် ဖြစ်သည်။
- မြန်မာ့တပ်မတော်၏ စစ်ရာဇဝတ်မှု ကျူးလွန်မှုများအတွက် သီးခြားလွတ်လပ်သည့် အချက်အလက်ရှာဖွေဖော်ထုတ်ရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်းပါရန်။

- နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အချက်အလက်ရှာဖွေဖော်ထုတ်ရေး ကော်မရှင် (IHFFC) ကို ဖိတ်ခေါ်၍ မြန်မာ့တပ်မတော်က ကျူးလွန်ချိုးဖောက်သော စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမှုများ ပြုပါရန်။
- စစ်ပွဲဖြစ်ပွားရာနေရာများရှိ ပြည်တွင်းဒုက္ခသည်များ (IDPs) ကို၊ သူတို့ဆန္ဒအလျောက် လုံခြုံစွာအိမ်ပြန်နိုင်ကြသည် အထိ၊ ကူညီနိုင်ရန် နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီပေးရေး အဖွဲ့အစည်းများကို လွတ်လပ်စွာ သွားရောက်ခွင့်ပြုပါရန်။

## နိုင်ငံတကာ မိသားစုသို့ -

- မြန်မာအစိုးရကို ဖိအားပေး၍ မြန်မာ့တပ်မတော်၏ ထိုးစစ်များရပ်ဆိုင်းပါရန်၊ တိုင်းရင်းသားပြည်သူများအပေါ် ကျူးလွန်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ရပ်ဆိုင်းစေရန်။ ပြည်တွင်းဒုက္ခသည် လူထုများထံ လွတ်လပ်စွာ သွားရောက် ထိတွေ့နိုင်ရေး၊ အကူအညီပေးနိုင်ရေးအတွက် အကူအညီပေးရေး အေဂျင်စီများကို ခွင့်ပြုပေးနိုင်ရန်။
- မြန်မာ့တပ်မတော် နှင့် စစ်တပ်ချင်း ထိတွေ့ဆက်ဆံနေမှုများကို ချက်ချင်း ရပ်ဆိုင်းပါရန်။ အကြောင်းမှာ စနစ် တကျ ရာဇဝတ်မှု ကျူးလွန်နေမှုများအပေါ် သက်ရောက်မှုလုံးဝမရှိသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် လူ့အခွင့် အရေး ချိုးဖောက်နေသည့် အဖွဲ့အစည်း အင်စတီကျူရှင်းအပေါ် တရားဝင်ပြုပေးရာ ရောက်စေသောကြောင့် ဖြစ် သည်။
- နေရာအားလုံးရှိ ပြည်တွင်းဒုက္ခသည် (IDPs) များနှင့် ဒုက္ခသည်များ၏ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များ အပေါ် ဦးစားပေးကူညီနိုင်ရန် နှင့် ဒေသခံ ရပ်ရွာအခြေစိုက် လူမှုအဖွဲ့အစည်းများမှတဆင့် အကူအညီများကိုပေးအပ် နိုင်ရန်။

# သုတေသနပြုသောနည်းနာ

တအာင်း (ပလောင်) အမျိုးသမီး အဖွဲ့ချုပ် (TWO) ၏ သတင်းမှတ်တမ်းတင်နှင့် သုတေသန ဌာနကို ၂၀၀၆ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး၊ ဒေသခံပြည်သူများအနေဖြင့် အမှန်တရားနှင့် တရားမျှတမှု ရှာဖွေပေးနိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် တအာင်းဒေသရှိ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခဲ့ပါသည်။

တအာင်းဒေသအတွင်း ကွင်းဆင်း သတင်းစုဆောင်းသော ဝန်ထမ်းများ၏ ကွန်ရက်အဖွဲ့ဝင်များက ဒေသခံလူထုများ၊ နစ်နာရသူများ၊ မျက်မြင်သက်သေများကို တွေ့ဆုံမေးမြန်းပါသည်။ သူတို့၏ အတွေ့အကြုံများ၊ အသံများ၊ ခံစားချက်များနှင့် စိုးရိမ်ပူပန်မှုများကို ပြောဆိုခွင့်ပေး၍ နားထောင်ခဲ့ကြပါသည်။

ယခုအစီရင်ခံစာပါ လူ့အခွင့်အရေးချိုးဖောက်မှုများကို (TWO) ၏ ကွင်းဆင်းဝန်ထမ်းများက ၂၀၁၁ ခုနှစ်၊ မတ်လ မှ ၂၀၁၆ ခုနှစ်၊ မတ်လအတွင်း ကောက်ယူစုဆောင်းခဲ့ခြင်း ဖြစ်ပါသည်။ ဤသတင်းများကို သူတို့ကွင်းဆင်းလေ့လာနိုင်သည့် မြို့နယ်နှင့် မြို့နယ်ခွဲများ ဖြစ်ကြသော - ရှမ်းပြည်နယ် မြောက်ပိုင်းမှ နမ့်ခမ်း၊ နမ့်ဆန်၊ မိုးကုတ်၊ မိုးမိတ်၊ မူဆယ်၊ ကွတ်ခိုင်၊ နမ္မတူ၊ တာမိုးညဲ၊ မန်တုံနှင့် တန့်ယန်းတို့တွင် စုဆောင်းခဲ့ခြင်း ဖြစ်သည်။

သတင်းများစုဆောင်းပြီးသည့်အခါ၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို တအာင်းအမျိုးသမီး အဖွဲ့ချုပ် (TWO) ၏ ဝန်ထမ်းများက အထူးသဖြင့် ဂျီနီဗာ နိုင်ငံတကာ သဘောတူညီချက်၊ ယင်း၏ ထပ်ဖြည့်ထားသော ကျင့်ထုံးများ၊ ရောမ နိုင်ငံတကာ ရာဇဝတ်မှု တရားခုံရုံး၏ ဥပဒေပြဋ္ဌာန်းချက် စသည့်တို့ပါဝင်သော၊ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများနှင့် တိုက်ဆိုင်၍ သုံးသပ်စိစစ်မှုပြုပါသည်။

# နောက်ခံကြောင်းရာ

တအာင်း (ပလောင်) ပြည်သူများမှာ မြန်မာနိုင်ငံရှိ ဌာနေတိုင်းရင်းသား လူမျိုးစုတစ်ခု ဖြစ်ပြီး၊ လူဦးရေမှာ တစ်သန်းခန့် ရှိပါသည်။ တအာင်းလူထု အများစုမှာ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် နေထိုင်ကြပြီး၊ အချို့မှာ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် နေထိုင်ကြသည်။ တအာင်းလူထုများမှာ ရိုးရာအားဖြင့် တောင်ပေါ်ဒေသတွင် နေထိုင်ကြပြီး၊ အတိတ်ကာလတွင် မိမိဘာသာ ဖူလုံရပ်တည်နိုင်ရုံ စိုက်ပျိုးရေးစနစ်ဖြင့် ရှင်သန်ရပ်တည် လာခဲ့ကြပါသည်။ အဓိကအားဖြင့် လက်ဖက်နှင့် စပါးကို စိုက်ပျိုးကြသည်။ တအာင်းပြည်သူများ နေထိုင်ကြရာ မိရိုးဖလာ မြေများသည် ကျောက်မြက်များ၊ ငွေ၊ သတ္တုနှင့် ရွှေ၊ အလူမီနီယံကဲ့သို့သော ဓာတ်သတ္တုပစ္စည်း ကြွယ်ဝရာ ဒေသများ လည်း ဖြစ်ကြသည်။

သို့သော်လည်း၊ အာဏာရှင်စနစ်ဖြင့် ဆယ်စုနှစ်ပေါင်းများစွာ အုပ်ချုပ်ခံလာခဲ့ရသောကြောင့်၊ အရင်းအမြစ် သယံဇာတ အများစုမှာ မြန်မာ တပ်မတော်နှင့် သူတို့၏ လူနည်းစုစီးပွားရေးလုပ်ငန်းရှင် ခရိုနီများလက်တွင်သာ ချုပ်ကိုင်ထားခံကြရသည်။ လက်ဖက်လုပ်ငန်းမှာလည်း လက်ဝါးကြီးအုပ်ခံရ၍၊ ဈေးများကျဆင်းပြီး၊ သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ တအာင်းတောင်သူ အများစုမှာ ဤအခြေအနေများကြောင့် မဖြစ်မနေ ဒေသကိုစွန့်ခွာ ရွှေ့ပြောင်းကြရခြင်း၊ သို့မဟုတ် ရှင်သန်ရေးအတွက် ဘိန်းစိုက်ပျိုးရန် အကြောင်းဖြစ်လာစေသည်။ သို့အတွက်ကြောင့် တအာင်းယောကျ်ားများအကြား အကျယ်အပြန့် ဘိန်းစွဲစေခဲ့သည်။ ဤအခြေအနေများကို ယခင် ပလောင်အမျိုးသမီးအဖွဲ့ချုပ် (PWO) ၏ "အဆိပ်သင့်သောပန်းများ" (Poisoned Flowers) အစီရင်ခံစာ (၂၀၀၆ ခုနှစ်ထုတ်) နှင့် "အဆိပ်သင့်တောင်ကုန်းများ (Poisoned Hills) (၂၀၁၀ ခုနှစ်ထုတ်)၊ "အဆိပ်သင့်နေဆဲ (Still Poisoned) (၂၀၁၁ ခုနှစ်ထုတ်) အစီရင်ခံစာများတွင် အချက်အလက်စုဆောင်းတင်ပြခဲ့ကြသည်။ တအာင်းအမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အထူးသဖြင့် တရုတ်နိုင်ငံသို့၊ တိုး၍ လူကုန်ကူးရောင်းဝယ်မှုများဖြစ်ပေါ် နေသည့် အခြေအနေကိုလည်း (PWO) ၏ ၂၀၁၁ ခုနှစ် အစီရင်ခံစာ "ခိုးယူခံရသောဘဝများ" (Stolen Lives) ဖြင့် တင်ပြခဲ့ကြသည်။

တအာင်းပြည်သူများသည် မြန်မာစစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဖိနှိပ်မှုများကို ဆယ်စုနှစ်များစွာ ခံစားခဲ့ကြရသည်။ ယင်းတို့ကို ခုခံရန်အတွက် တအာင်းခေါင်းဆောင်များက ပလောင်ပြည်နယ် လွတ်မြောက်ရေး တပ်မတော် (PSLA) ကို ၁၉၆၃ ခုနှစ်တွင် ထူထောင်ခဲ့ကြသည်။ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြန်လည်ထွန်းကားရေးနှင့် ဖက်ဒရယ်စနစ် ထူထောင်ရေးဖြစ်သည်။ သို့သော်လည်း ၁၉၉၁ ခုနှစ်တွင် (PSLA) က တအာင်းပြည်သူများ၏ အခွင့်အရေးများအတွက် အာမခံချက် မရှိပါဘဲ၊ မြန်မာအစိုးရနှင့် အပစ်ရပ်စဲရေးသဘောတူညီခဲ့သည်။ နောက်ပိုင်းတွင် ၂၀၀၅ ခုနှစ်၌ (PSLA) ကို အတင်းအကျပ် လက်နက်ဖြုတ်သိမ်းခဲ့သည်။

(PSLA) ကို လက်နက်ဖြုတ်သိမ်းခြင်းကြောင့် တအာင်းပြည်သူများအတွက် စီးပွားရေးနှင့် လူမှုပြဿနာများ ဖြစ်ပေါ်စေခဲ့သည်။ (PSLA) ၏ ကာကွယ်ပေးမှု မရှိသောကြောင့်၊ လူ့အခွင့်အရေးချိုးဖောက်ခံရရန် ပို၍ အန္တရာယ်နှင့် ကြုံတွေ့ကြရပြီး၊ မြန်မာ့တပ်မတော်နှင့် ပြည်သူ့စစ်တပ်ဖွဲ့များ ဒေသကို ချုပ်ကိုင်မှုအောက်တွင် မူးယစ်ဆေးလည်း ပြန့်ပွားထု



*မတ်လ ၂၀၁၆ ခုနှစ်တွင်း ပြည်တွင်းဒုက္ခသည်များ နမ့်ဖတ်ကာသို့ ရောက်ရှိလာ။ Photo by PWO*

ပြောလာခဲ့သည်။

၂၀၁၁ ခုနှစ်တွင်၊ ရှမ်းပြည်နယ် မြောက်ပိုင်းရှိ တအာင်း ပြည်သူများသည် မြန်မာ့တပ်မတော်၏ ထိုးစစ်အသစ်များ ဒဏ်ကို ခံစားခဲ့ကြရသည်။ ရှမ်းပြည်နယ်တိုးတက်ရေး ပါတီ/ ရှမ်းပြည် တပ်မတော် (SSPP/SSA) နှင့် ၂၂ နှစ်ကြာ အပစ် ရပ်စဲရေးကို ချိုးဖောက်၍၊ ကချင်ပြည် လွတ်မြောက်ရေး တပ်မတော် (KIA) နှင့် ၁၇ နှစ်ကြာ အပစ်ရပ်စဲရေးကို ချိုးဖောက်၍ ထိုးစစ်အသစ်များ ဆင်နွှဲလာခဲ့သည်။ ဤထိုး စစ်များသည် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များကို မြန်မာ့တပ်မတော် လက်အောက်ခံ၊ နယ်ခြားစောင့်တပ်များ အဖြစ် လိုက်လျောအသွင်ပြောင်းလာစေရန် ဖိအားပေးခြင်း ဖြစ်ပြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသ များတွင် လူအမြောက်အများ အိုးအိမ်စွန့်ပစ်ထွက်ပြေးကြရ သည့် အခြေအနေသို့ ဆိုက်ရောက်စေခဲ့သည်။

သူတို့၏ ပြည်သူများကို ကာကွယ်ပေးနိုင်ရန်အတွက်နှင့် သူတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တွန်းဆောင်ဆောင်ရွက်နိုင် ရေးအတွက်၊ တအာင်း လက်နက်ကိုင်တပ်ဖွဲ့သစ်ဖြစ်သည့်၊ တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) ကို ယခင် (PSLA/PSLF) အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းခဲ့ပြီး၊ ၂၀၁၁ ခုနှစ် နှောင်းပိုင်းမှ စတင်၍ တအာင်းဒေသတွင် စစ်ရေးလှုပ်ရှားမှုများ ပြန်လည်စတင်ခဲ့ကြသည်။

ထိုအချိန်မှစ၍ (TNLA) တပ်ဖွဲ့သည် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA)၊ ကိုးကန့်ခုခံရေးအင်အားစု ဖြစ်သည့် မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA) တို့နှင့် လက်တွဲ၍ ခုခံလာခဲ့ရာ၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြန်မာတပ်မတော်၏ အကြီးအကျယ် ထိုးစစ်များနှင့် ကြုံတွေ့ခဲ့ရသည်။ ဤစစ်ရေးထိုးစစ်များနှင့်အတူ အရပ်သားပြည်သူများအပေါ် အကျယ်အပြန့်သော၊ စနစ်တကျ လူ့အခွင့်အရေး ချိုးဖောက်မှုများ တွေ့ကြုံကြရပြီး၊ လူထုအများအပြား အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများလည်း ဖြစ်ပေါ်စေခဲ့သည်။

၂၀၁၁ ခုနှစ်မှ စတင်၍ တအာင်းအမျိုးသမီး အဖွဲ့ချုပ် (TWO) က တအာင်းဒေသအတွင်း အိုးအိမ်စွန့်ပစ်ထွက်ပြေး ရသူ ၁၄,၂၀၀ ဦးကို မှတ်တမ်းတင်ထားနိုင်ခဲ့သည်။ (အသေးစိတ်ကို နောက်ဆက်တွဲ စာရင်းများတွင် ကြည့်ပါ)။ ဤသို့ ထွက်ပြေးရသူအများစုမှာ ရှမ်းပြည်နယ်မြောက်ပိုင်း ခိုလှုံရေးစခန်းများတွင်၊ သို့မဟုတ် တရုတ်နိုင်ငံအတွင်းရှိ ယာယီ ဒုက္ခသည်စခန်းများတွင် ရှိနေကြပါသည်။ လူ ၂,၀၀၀ ဦးခန့်သာ အိမ်သို့ ပြန်နိုင်ကြပါသေးသည်။

## မြန်မာ့တပ်မတော် စစ်အင်အားတိုးချဲ့လာခြင်းနှင့် တအောင်းဒေသသို့ ပဋိပက္ခစစ်ပွဲများ ပြန့်နှံ့လာခြင်း

၂၀၁၁ ခုနှစ်တွင်၊ မြန်မာတပ်မတော် တပ်ရင်း ၃၆ ခုသာ ရှမ်းပြည်နယ်မြောက်ပိုင်း တအာင်းဒေသတွင် အခြေစိုက် ထားခဲ့သည်။ ယင်းတို့တွင် ကျောက်မဲအခြေစိုက် စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ် (စကခ)-၁ လက်အောက်ရှိ တပ်ရင်း ၁၀ ရင်း၊ သန္နီအခြေစိုက် (စကခ) ၁၆ အောက်ရှိ တပ်ရင်း ၁၀ ရင်း အပါအဝင်ဖြစ်သည်။ တပ်ရင်းတစ်ရင်းလျှင် အင်အား ၁၀၀ မျှသာ ရှိသောကြောင့်၊ ယင်းတွင်အခြေစိုက်နေသော စစ်သားစုစုပေါင်း ၃,၀၀၀ ကျော်သာ ရှိခဲ့သည်။

ထိုအချိန်မှစတင်၍၊ တအာင်းဒေသတွင် တပ်ရင်းနောက်ထပ် ၉၀ ကျော် ထပ်တိုးချဲ့လာခဲ့ကြောင်း၊ တအာင်း အမျိုးသမီးအဖွဲ့အစည်း (TWO) က မှတ်တမ်းတင် တွေ့ရှိရသည်။ အထူးသဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်းရှိ



# တအာင်းဒေသတွင်း တပ်ဖွဲ့အင်အား တိုးချဲ့ခြင်း (၂၀၁၁ – ၂၀၁၆)

၂၀၁၁ ခုနှစ်တွင် တပ်ဖွဲ့ ၄၀ နှင့် စစ်တပ်အင်အား ၃,၀၀၀ ရှိရာမှ ၂၀၁၆ ခုနှစ်တွင် တပ်ဖွဲ့ ၁၀၄ နှင့် စစ်တပ်အင်အား ၁၂,၀၀၀ ကျော်ထိ မြို့နယ် ၁၄ မြို့နယ်တွင်း တိုးချဲ့ခဲ့



တိုက်ခိုက်ရေး ခြေမြန်တပ်မ တပ်များမှ ရောက်ရှိလာကြခြင်းဖြစ်သည်။ (ခြေမြန်တပ်မ ၁၁၊ ၃၃၊ ၅၅၊ ၆၆၊ ၇၇၊ ၈၈၊ ၉၉) တို့ ရောက်ရှိလာကြရာ တအာင်းဒေသတွင် စုစုပေါင်း စစ်သားအင်အား ၁၂,၀၀၀ ကျော်အထိ ရှိလာခဲ့သည်။

၂၀၁၅ ခုနှစ် နှောင်းပိုင်းမှစတင်၍၊ စစ်ဆင်ရေးထိုးစစ်များအတွင်း လားရှိုးနှင့် မန္တလေးတို့မှ ဂျက်တိုက်လေယာဉ်များ၊ စစ်ရဟတ်ယာဉ်များကို အသုံးပြု၍လည်း ဝေဟင်မှပုံးကျဲရန် တိုး၍ ဆောင်ရွက်လာခဲ့ကြသည်။

မြန်မာတပ်မတော် တပ်ရင်းများတိုးချဲ့ ချထားလာမှုကြောင့် ပဋိပက္ခစစ်ပွဲများကို ပို၍ပြင်းထန်လာစေသည်။ ၂၀၁၅ ခုနှစ် နှောင်းပိုင်းမှစတင်၍ ဂျက်တိုက်လေယာဉ်နှင့် စစ်ရဟတ်ယာဉ်များကို တိုး၍ အသုံးပြုလာခဲ့ကြသည်။

၂၀၁၁ ခုနှစ်တွင်၊ (TNLA) တပ်ဖွဲ့များနှင့် မြန်မာတပ်မတော်အကြား တိုက်ပွဲ ၂၀ သာ ဖြစ်ပွားခဲ့သည်။ ဤအခြေအနေ မှ နေ၍ ၂၀၁၂ ခုနှစ်တွင် တိုက်ပွဲ ၅၀ ကျော်၊ ၂၀၁၃ ခုနှစ်တွင် တိုက်ပွဲပေါင်း ၁၀၀ ကျော်နှင့် ၂၀၁၄ ခုနှစ်တွင် တိုက်ပွဲ ၁၅၀ ကျော်၊ ၂၀၁၅ ခုနှစ်တွင် တိုက်ပွဲပေါင်း ၂၀၀ ကျော် တိုး၍ ဖြစ်ပွားလာသည်။ ၂၀၁၆ ခုနှစ်၊ ပထမပိုင်း ၃ လတွင်ပင် တိုက်ပွဲပေါင်း ၆၀ ကျော် ဖြစ်ပွားခဲ့ပြီး ဖြစ်သည်။

## 'သွေးခွဲအုပ်ချုပ်ရေးစနစ်' အတွက် ဒေသခံပြည်သူ့စစ် လက်နက်ကိုင်များကို ဆက်လက်၍ မှီခိုအားထားနေခြင်း

မြန်မာတပ်မတော်၏ ရေရှည်ကျင့်သုံးခဲ့သော သောင်းကျန်းသူဆန့်ကျင်ရေး စစ်ဆင်ရေးများ၏ မဟာဗျူဟာမှာ ဒေသခံ ပြည်သူ့စစ်တပ်ဖွဲ့များကို စုစည်းစည်းရုံး၍၊ ကျေးလက်ဒေသများကို ထိန်းချုပ်နိုင်ရေးပင် ဖြစ်သည်။ ဤသို့ ဆောင်ရွက်ပေးသည်ကို အပြန်အလှန်အားဖြင့်၊ ပြည်သူ့စစ်တပ်ဖွဲ့များကို မြိုးမြိုးမြက်မြက် အမြတ်ရရှိနိုင်သည့် စီးပွားရေး လုပ်ပိုင်ခွင့်၊ ထိန်းချုပ်ခွင့်များ ချပေးထားတတ်ကြသည်။ မူးယစ်ဆေးကုန်သွယ်မှု အပါအဝင်၊ တရားမဝင် လုပ်ဆောင်နေမှုများအပေါ်တွင်လည်း မျက်စေ့မှိတ်ထားတတ်ကြသည်။

တအာင်းဒေသတွင် အစိုးရကို လိုလားသည့် ပြည်သူ့စစ်လက်နက်ကိုင် အဖွဲ့ ၁၅ ဖွဲ့ခန့် ရှိနေပြီး၊ စုစုပေါင်းအင်အား ၁,၂၆၀ ခန့် ရှိသည်။ (နောက်ဆက်တွဲတွင် အသေးစိတ်ကို ဖော်ပြထားသည်)။ ယင်းတို့က မြန်မာတပ်မတော်ကို တိုင်းရင်းသား တော်လှန်ရေး တပ်ဖွဲ့များအပေါ်တွင် စစ်ဆင်ရေးများပြုလုပ်ရာ၌ ကူညီကြသည်။



အစိုးရနှင့် မဟာမိတ်ပြုထားသည့်
ပြည်သူ့စစ်လက်နက်ကိုင် တပ်ဖွဲ့များ
ပန်ဆိုင်း (ကျူကုတ်)
မုန်းကိုး
မော်ထိုက်
မူစယ်
မန်ဟျိုး
နမ့်ခမ်း
ကချင်ပြည်နယ်
တရုတ်
ကုန်းကြမ်း
လောက်ကိုင်
တာမိုးညဲ
ကွတ်ခိုင်
ဟိုပန်
ကွမ်းလုံ
ပန်လုံ
သိန္နီ
မန်တုံ
မိုးမိတ်
နမ့်တူ
ရှမ်းပြည်နယ်
နမ့်ဆန်
လားရှိုး
မိုင်းငေါ့
၅၀
၅၀
၅၀
၁၀၀
၂၀၀
၈၀
၇၀
၁၀၀
၅၀
၃၀
၂၀၀
၂၀၀
၃၀
၃၀
၂၀
N
ကီလိုမီတာ
၀
၁၅
၃၀
ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ် ၆ ခုအတွင်း စစ်အင်အား ၁,၃၀၀ ကျော်ရှိသည့် ပြည်သူ့စစ် စုစုပေါင်း ၁၅ ဖွဲ့ရှိ
မြို့
မြစ်
လမ်း
မြို့နယ် နယ်နိမိတ်
ပြည်နယ်နှင့် တိုင်းဒေသကြီး နယ်နိမိတ်
အိန္ဒိယ
တရုတ်
မြန်မာ
လာ
ထိုင်း

ပြည်သူ့စစ်များ ထိန်းချုပ်ထားရာ ဒေသများတွင် ဘိန်းစိုက်ပျိုးမှုများနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုများ အကျယ်အပြန့် ရှိနေကြသည်။ သို့အတွက်ကြောင့် ဒေသခံလူထုများအဖို့ မူးယစ်ဆေးစွဲခြင်းများ၊ နစ်နာရခြင်းများ ဖြစ်ပေါ်စေသည်။ (TNLA) တပ်ဖွဲ့များက ပြည်သူ့စစ်ထိန်းချုပ်ရာ ဒေသများတွင် ဘိန်းခင်းများနှင့် မူးယစ်ဆေးချက် စက်ရုံများကို ရှာဖွေဖျက်ဆီးကြရာ၊ ယင်းတို့ကို မြန်မာတပ်မတော် တပ်ဖွဲ့များနှင့် ပြည်သူစစ်များက အကြိမ်ကြိမ် ဟန့်တားပိတ်ဆို့ လေ့ရှိသည်။ သူတို့၏ စီးပွားရေး အကျိုးစီးပွားကို ခြိမ်းခြောက်လာသောကြောင့် ဖြစ်သည်။

အစောပိုင်း အစီရင်ခံစာများတွင်၊ (TWO) အဖွဲ့က နမ့်ခမ်းတွင် ပန်းဆေးပြည်သူ့စစ်ကဲ့သို့သော ပြည်သူ့စစ်အဖွဲ့များ၏ မူးယစ်ဆေး ကုန်သွယ်မှုနှင့် ပတ်သက်နေသော အချက်များကို ဖော်ထုတ်တင်ပြခဲ့သည်။ သို့သော်လည်း၊ ယင်းအဖွဲ့များမှာ မြန်မာတပ်မတော်အတွက် မဟာဗျူဟာအရ အရေးပါသောကြောင့်၊ သူတို့ကို မတို့မထိဘဲ ကင်းလွတ်ခွင့်ရနေစေခဲ့သည်။ ထိုအဖွဲ့ခေါင်းဆောင်များကို စစ်တပ်က ကျောထောက်နောက်ခံပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ လွှတ်တော်အမတ်များအဖြစ် ရွေးချယ်တင်မြှောက်ခံစေခြင်းဖြင့် လူရိုသေရှင်ရိုသေအဖြစ် သိက္ခာတင်ပေးခဲ့ကြသည်။ ပန်းဆေးပြည်သူ့စစ်အဖွဲ့ ခေါင်းဆောင်ဖြစ်သူ၊ ဦးကျော်မြင့်မှာ နမ့်ခမ်းမြို့နယ်မှ ၂၀၁၀-၂၀၁၅ ခုနှစ် အတွက် (USDP) လွှတ်တော်ကိုယ်စားလှယ် ဖြစ်ခဲ့သည်။ ကချင်တိုင်းရင်းသားဖြသ်သူ ကောင်းခါးနှင့် မိုင်းယုလေး ပြည်သူ့စစ်တပ်ဖွဲ့များ ခေါင်းဆောင်ဖြစ်သူ ဦးတီခွန်မြတ်မှာ၊ ကွတ်ခိုင်မြို့နယ်မှ (USDP) ပါတီ ကိုယ်စားလှယ်အဖြစ် ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခံရပြီး၊ (များမကြာသေးမီက NLD ဦးဆောင်သော အစိုးရ လက်ထက်တွင်၊ အောက်လွှတ်တော် ဒု-ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရရာ၊ ပို၍ လူရိုသေဖွယ်ဖြစ်လာစေခဲ့သည်။) ကွတ်ခိုင်မြို့နယ်မှ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲတွင် USDP ပါတီ ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဦးမြင့်လွင် (ခေါ် ဝန်ဂေါင်ဒါး Wang Guoda) မှာလည်း တာမိုးညဲပြည်သူ့စစ်တပ်ဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။ သူ၏ ပြည်သူ့စစ်တပ်ဖွဲ့နှင့် မြန်မာ့တပ်မတော် ပူးပေါင်းဆောင်ရွက်မှုအပေါ် ၂၀၁၆ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ဂုဏ်ပြုခံရပြီး၊ တာမိုးညဲဒေသရှိ "မုန်းဝန်း" တရုတ်လူမျိုးနေထိုင်သူများကို မြန်မာနိုင်ငံသားအဖြစ် အပြည့်အဝ အသိအမှတ်ပြုပေးနိုင်ရန် ခွင့်ပြုခဲ့ကြသည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှ တအောင်းတို့ကို ဖယ်ကျဉ်ထားခြင်း

မြန်မာ့တပ်မတော်က စစ်ရေးထိုးစစ်များ မြှင့်တင်ဆောင်ရွက်သော်လည်း၊ (TNLA) အဖွဲ့က မြန်မာအစိုးရနှင့် ငြိမ်းချမ်းစွာ ဆွေးနွေးအဖြေရှာမှုများအတွက် ကြိုးပမ်းခဲ့သည်။ (TNLA) အဖွဲ့က မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ဖော်ဆောင်ရေး ဗဟိုဌာန (Myanmar Peace Center) မှ ဦးအောင်မင်းဦးဆောင်သော အဖွဲ့နှင့် ၂၀၁၃ ခုနှစ်၊ ဇူလိုင် လ ၃၁ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ မူဆယ်တွင် တွေ့ဆုံခဲ့ကြသည်။ သို့သော် မြန်မာတပ်မတော်က ကွတ်ခိုင်နှင့် ကျောက်မဲတို့တွင် နောက်ပိုင်း ၁၁ ရက်အကြာ၌၊ (TNLA) အပေါ် ထိုးစစ်အသစ်များ ထပ်မံဆင်နွှဲခဲ့ပြန်သည်။

၂၀၁၄ ခုနှစ် ဩဂုတ်လတွင်နှင့် နောက်ပိုင်းတစ်လအကြာတွင်၊ (TNLA) က မြန်မာအစိုးရထံသို့ တရားဝင် စာတစ်စောင် ပေးပို့၍၊ နောက်ထပ်တွေ့ဆုံဆွေးနွေးမှုများ ပြုနိုင်ရန် တောင်းဆိုခဲ့သည်။ သို့သော် အကြောင်းပြန်မှု မရှိပါ။

(TNLA) သည် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ၏ မဟာမိတ်အဖွဲ့ဖြစ်သော၊ တစ်နိုင်ငံလုံး အပစ်ရပ်စဲရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (NCCT) ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သော်လည်း၊ အစိုးရက (TNLA) ကို [MNDAA နှင့် ရခိုင် တပ်မတော် တို့နှင့်အတူ] တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် (NCA) တွင် ပါဝင် လက်မှတ်ရေးထိုးရန် လက်ခံရန် ငြင်းဆန်ခဲ့သည်။ (TNLA) အနေဖြင့် အစိုးရနှင့် နှစ်ဖွဲ့ချင်း အပစ်ရပ်စဲရေးသဘော တူညီချက်ကို ပထမလက်မှတ်ရေးထိုးရန် လိုအပ်မည်ဟု အကြောင်းပြခဲ့သည်။ သို့တိုင်အောင်၊ ၂၀၁၅ ခုနှစ်တွင် အစိုးရဖက်မှ ချည်းကပ်မှုတစုံတရာ မရှိခဲ့ဘဲ၊ (TNLA) ကို ဖိတ်ခေါ်ဆွေးနွေးမှုမရှိခဲ့ပါ။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူညီချက် (NCA) ၏ အင်အားစုအားလုံး မပါဝင်နိုင်သည့် သဘောသဘာဝကြောင့်၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အဖွဲ့အစည်း ၈-ခုသာ လက်မှတ်ရေး ထိုးခဲ့ကြသည်။

(NCA) လက်မှတ်ရေးထိုးချိန်မှစ၍ အစိုးရတပ်ဖွဲ့များက တအာင်းဒေသတွင် တိုက်ခိုက်မှုများ တိုးမြှင့်ဆောင်ရွက်လာ ခဲ့သည်။ ပို၍သတိထားဖွယ်မှာ၊ မြန်မာတပ်မတော်က ရည်ရွယ်ချက်ရှိရှိဖြင့် ပဋိပက္ခကို ပိုမိုကြီးထွားလာစေရန်၊ (NCA) သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သော ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ/ရှမ်းပြည်တပ်မတော် (RCSS/SSA) နှင့် လက်မှတ်ရေးထိုးမထားသော (TNLA) အပါအဝင် အဖွဲ့အစည်းများအကြား ပဋိပက္ခများ ကြီးထွားလာစေခဲ့သည်။ (NCA) လက်မှတ်ရေးထိုးချိန်မှစတင်၍၊ ရှမ်းပြည်တပ်မတော် (RCSS/SSA) တပ်ဖွဲ့ဝင်များကို မြန်မာတပ်မတော်၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုး၍နေရာချထားလာခဲ့သည်။ သို့ဖြစ်ရာ ကျောက်မဲနှင့် နမ့်ခမ်းမြို့နယ်များတွင် (TNLA) တပ်ဖွဲ့များနှင့် တိုက်ပွဲများ ဖြစ်ပွားလာရာ၊ အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှု အသစ်များ ဖြစ်ပေါ်လာစေခဲ့သည်။

# တအောင်းဒေသတွင် မြန်မာတပ်မတော်က ကျူးလွန်ချိုးဖောက်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် စိစစ်သုံးသပ်ချက် (မတ်လ၊ ၂၀၁၁ ခုနှစ် - မတ်လ ၂၀၁၆ ခုနှစ်)

မြန်မာတပ်မတော်က ကျူးလွန်ချိုးဖောက်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ အသေးစိတ်ကို (TWO) က မှတ်တမ်း ပြုစုထားပြီး၊ ယခုအစီရင်ခံစာ၏ နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။ အဓိကကျူးလွန်ချိုးဖောက်မှုများကို အောက်ပါအတိုင်း အနှစ်ချုပ်ထုတ်ထားပါသည်။

| အရပ်သားများအပေါ် လူ့အခွင့်အရေး ကျူးလွန်ချိုးဖောက်မှုများ | ဖြစ်ရပ် အရေအတွက် | ချိုးဖောက်ခံရသော ကျေးရွာလူထု အရေအတွက် | ကျေးရွာ/ မြို့နယ် အရေအတွက် | ကျူးလွန်ချိုးဖောက်သော မြန်မာ့တပ်မတော် တပ်ရင်း/ တိုင်း အရေအတွက် |
|---|---|---|---|---|
| ညှဥ်းပန်းနှိပ်စက်ခြင်း | ၄၂ | ၁၁၇ | ၃၃ ရွာ၊ ၈ မြို့နယ် | ၁၈ |
| တရားမဝင် သတ်ဖြတ်ခြင်း | ၈ | ၁၀ | ၉ ရွာ၊ ၄ မြို့နယ် | ၆ |
| လိင်မှုဆိုင်ရာ အကြမ်းဖက်မှု | ၇ | ၇ | ၆ ရွာ၊ ၃ မြို့နယ် | ၅ |
| အရပ်သားပစ်မှတ်ထားပြီး လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း | ၂၀ | ၁၇ ဦးသေဆုံး၊ ၃၅ ဦး ဒဏ်ရာရ၊ (လူထောင်ချီ၍ အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်) | ၂၉ ရွာ၊ ၉ မြို့နယ် | ၁၉ |
| အဓမ္မ ပေါ်တာဆွဲခြင်း/ လမ်းပြ ခိုင်းခြင်း၊ လူသားဒိုင်းကာအဖြစ် အသုံးပြုခြင်း | ၂၇ | ၃၂၂ ဦး ပေါ်တာဆွဲ ခံရသည်၊ လမ်းပြ အဖြစ် ခိုင်းစေခံရသည်။ လူ ၇၀၀ ကျော်ကို ဒိုင်းကာအဖြစ် အသုံးပြုခဲ့သည်။ | ၂၄ ရွာ၊ ၇ မြို့နယ် | ၂၀ |
| ပိုင်ဆိုင်မှုများကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်း၊ လုယက်ခြင်း | ၁၁ | ကျေးရွာ ၁၁ ခုရှိ နေထိုင်သူများ | ၁၁ ရွာ၊ ၅ မြို့နယ် | ၁၁ |

ဤလူ့အခွင့်အရေးချိုးဖောက်မှုများကို ယင်းတို့၏ အမျိုးအစားများအရ ယခုအစီရင်ခံစာ၏ အောက်ပါအခန်းများတွင် စိစစ်သုံးသပ်ထားပါသည်။



မြန်မာစစ်တပ်ဖွဲ့မှ တအာင်းဒေသတွင်း
လူ့အခွင့်အရေးချိုးဖောက်မှုများ
(မတ်လ ၂၀၁၁ – မတ်လ ၂၀၁၆)
တရုတ်
ရှမ်းပြည်နယ်
ပန်ဆိုင်း (ကျူကုတ်)
မုန်းကိုး
မော်ထိုက်
မူဆယ်
မိုင်းဟိုး
ကွန်းကြမ်း
နမ့်ခမ်း
နမ့်ဖတ်ကာ
လောက်ကိုင်
တာမိုးညဲ
ကွတ်ခိုင်
မဘိမ်း
မန်တုံ
သိန္နီ
မိုးမိတ်
နမ့်တူ
လားရှိုး
မိုးကုတ်
နမ့်ဆန်
မိုင်းငေါ့
မိုင်းလုံ
သီပေါ
ကျောက်မဲ
တန့်ယန်း
မိုင်းရယ်
နောင်ချို
နမ့်လန်
N
ကီလိုမီတာ
၀
၂၅
၅၀
အိန္ဒိယ
တရုတ်
မြန်မာ
လာအို
ထိုင်း
အတင်းအကျပ်ဖမ်းဆီးခြင်း ညှဥ်းပန်း နှိပ်စက်ခြင်းနှင့် တရားမဝင်သတ်ဖြတ်ခြင်း
အဓမ္မပေါ်တာဆွဲခြင်း၊ လုပ်အားခိုင်းစေခြင်း ပြည်သူများကို လူသားဒိုင်းကာအဖြစ် အသုံးပြုခြင်း
ပိုင်ဆိုင်မှုပစ္စည်းများ လုယက်ခြင်းနှင့် ဖျက်ဆီးခြင်း
လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု
ပုံးကျဲခြင်း၊ အရပ်သားများ ပစ်မှတ်ထား၍ ပစ်ခတ်ခြင်း ကျေးရွာအနီး မြေမြုပ် မိုင်းချခြင်း
မြို့
မြစ်
လမ်း
မြို့နယ် နယ်နိမိတ်
ပြည်နယ်နှင့် တိုင်းဒေသကြီး နယ်နိမိတ်

# ၁။ အရပ်သားများကို ညှဉ်းပန်းနှိပ်စက်မှု

ပြီးခဲ့သည့် ၅ နှစ်တာ ကာလတွင်၊ မြန်မာအစိုးရ တပ်ဖွဲ့များက ကြိမ်ဖန်များစွာ၊ အရပ်သားများကို အတင်းအကျပ် ဖမ်းဆီးမှုများနှင့် ညှဉ်းပန်း နှိပ်စက်မှု များရှိခဲ့သည်။ အထူးသဖြင့် တော်လှန်ရေးတပ်ဖွဲ့များနှင့် ဆက်သွယ်သည် ဟု သင်္ကာမကင်း ဖြစ်ခံကြရသူများအပေါ်တွင် ဖြစ်သည်။ (TWO) အဖွဲ့က မှတ်တမ်းတင်ထားရာတွင်၊ ညှဉ်းပန်းနှိပ်စက်မှုဖြစ်ရပ် ၄၂ ခုကို မြို့နယ် ၈ ခုတွင် ကျူးလွန်ခဲ့ကြသည်ကို တွေ့ရှိရသည်။ (နမ့်ခမ်း၊ မန်တုံ၊ မူဆယ်၊ နမ့်ဆန်၊ ကျောက်မဲ၊ ကွတ်ခိုင်၊ မိုးမိတ်၊ နမ္မတူမြို့နယ်များ) ကျေးရွာခေါင်း ဆောင်များနှင့် သံဃာများ အပါအဝင်၊ စုစုပေါင်း လူ ၁၁၇ ဦးမှာ ညှဉ်းပန်း နှိပ်စက်ခံခဲ့ကြရသည်။ အပြင်းအထန်ဒဏ်ရာရခြင်း၊ သို့မဟုတ် စိတ်ပိုင်း ဆိုင်ရာ ထိခိုက်ခြင်း များဖြစ်ပေါ်စေခဲ့သည်။ ညှဉ်းပန်းနှိပ်စက်မှုများ ရလဒ် ကြောင့် လူ ၄ ဦး သေဆုံးခဲ့ရသည်။

ညှဉ်းပန်းနှိပ်စက်မှုဖြစ်ရပ်များမှာ ၂၀၁၆ ခုနှစ်အတွင်း တိုးတက်များပြားလာပြီး၊ ယင်းနှစ်၏ ပထမ ၃ လတွင်ပင် လူပေါင်း ၃၆ ဦး ညှဉ်းပန်းနှိပ်စက်ခံခဲ့ကြရသည်။

မြန်မာ့တပ်မတော်က ကျူးလွန်ချိုးဖောက်သည့်
ညှဉ်းပန်းနှိပ်စက်မှုခံရသူ အရပ်သားများ အရေအတွက်




ညှဉ်းပန်းနှိပ်စက်မှုများကို တပ်ရင်း/တပ်မ စစ်ဌာနချုပ် အနည်းဆုံး ၁၈ ခုရှိ တပ်များက ကျူးလွန်ချိုးဖောက်ခဲ့ကြသည်။ ၂၀၁၄ ခုနှစ် နှောင်းပိုင်း ကာလအထိ ညှဉ်းပန်းနှိပ်စက်မှု ဖြစ်ရပ်များကို ဒေသခံတပ်မတော် တပ်ရင်းများက ကျူးလွန်ကြခြင်းဖြစ်ပြီး၊ အထူးသဖြင့် မန်တုံအခြေစိုက် ခလရ ၁၃၀၊ ကွတ်ခိုင်အခြေစိုက် ခလရ ၄၅ (လားရှိုးအခြေစိုက် အရှေ့ မြောက်တိုင်းစစ်ဌာနချုပ် လက်အောက်ခံ) နှင့် ခမရ ၃၂၄၊ ၅၀၁၊ ၅၀၂၊ ၅၀၇ (စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်-၁ နှင့် ၁၆ လက်အောက်ခံ၊ ကျောက်မဲ နှင့် သီနွီတို့တွင် အခြေစိုက်ကြသည်) တို့က ကျူးလွန်ခဲ့ကြသည်။

၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်များတွင် ညှဉ်းပန်းနှိပ်စက်မှုများကို များသောအား ဖြင့် တိုက်ခိုက်ရေး ခြေမြန်တပ်များ (တပ်မ ၁၁၊ ၃၃၊ ၇၇၊ ၈၈၊ ၉၉) တို့က ကျူးလွန်ချိုးဖောက်ကြသည်။ ယင်းတို့မှာ စစ်ဆင်ရေးအတွက် တအာင်း ဒေသအတွင်း မြန်မာပြည်အလယ်ပိုင်းမှ လာရောက်တပ်စွဲချထားသော တပ်များ ဖြစ်ကြသည်။

ကျူးလွန်မှုအများဆုံး ညှဉ်းပန်းနှိပ်စက်သည့်နည်းနာများမှာ ကျေးရွာသား များကို ကြိုးဖြင့်တုတ်နှောင်ခြင်း၊ ပါးရိုက်ခြင်း၊ သေနတ်ဒင်ဖြင့် ထုထောင်း ခြင်း၊ မြေပေါ်လဲကျနေစဉ် (ဦးခေါင်းနေရာ အပါအဝင်) ကန်ကျောက်ခြင်း တို့ ဖြစ်သည်။ ပုံမှန်အားဖြင့် ကျေးရွာလူထုများကို (TNLA) နှင့် သူတို့ ဆက်စပ် ပတ်သက်မှု၊ (TNLA) တပ်များ မည်သည့်နေရာတွင် ရှိနေသည် ကို မေးမြန်းလေ့ရှိကြသည်။

အချို့သော ကျေးရွာလူထုများကို သူတို့၏အကျီကို အတင်းအကျပ်

ချုတ်ခိုင်းပြီး၊ (TNLA) စစ်တပ်အဖွဲ့ဝင်အဖြစ် သင်တန်းတက်ခဲ့ရသည့် အမှတ် အသားများကို ရှာဖွေကြည့်ရှုခံကြရသည်။

(TNLA) တပ်ဖွဲ့များ တည်ရှိရာနေရာကို သိရှိလိုသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သော်လည်း၊ ရံဖန်ရံခါ မြန်မာ့တပ်မတော်က ညှဉ်းပန်းနှိပ်စက်မှုများသည် တအာင်းကျေးရွာလူထုများကို စုပေါင်း၍ ပြစ်ဒဏ်ပေးသည့်နယ် အသွင်သက်ရောက်စေပါသည်။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် လူသိများသောဖြစ်ရပ် တစ်ခုတွင်၊ ကျေးရွာသား ၁၁ ဦးကို ခလရ ၃၂၄ ရှိ စစ်သားများနှင့် နမ့်ခမ်းမြို့နယ်၊ စေကင်ကျေးရွာရှိ ပန်းဆေးပြည်သူ့စစ်များက စုပေါင်း၍ ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ယင်းဖြစ်ရပ်ကို ဗီဒီယိုမှတ်တမ်းတင်နိုင်ခဲ့ သည်။ နှိပ်စက်ခံရသူတို့ကို ပြောရာတွင်၊ "မင်းတို့ အားလုံးက ပလောင် သူပုန်တွေပဲ၊ အားလုံးကို သတ်ပစ်မယ်" ဟု ပြောဆိုခဲ့ကြသည်ကို တွေ့ရှိရသည်။

၂၀၁၃ ခုနှစ်၊ ဧပြီလတွင် ကွတ်ခိုင်အခြေစိုက် ခလရ ၄၅ က ညှဉ်းပန်း နှိပ်စက်ခံရသော နမ်းပါကာကျေးရွာမှ ရွာသား တစ်ဦးက ပြောပြရာတွင်၊ "နံနက်ခင်းမှာ ရွာသား ၁၂ ဦး ဖမ်းခံရတယ်။ သူတို့က (TNLA) တပ်တွေ ဘယ်နေရာမှာ ရှိနေလဲမေးတယ်။ '(TNLA) တပ်တွေကို ခင်ဗျားတို့ သိသလား၊ သူတို့က လေွးကျာယန်တောင်ကုန်း ဘယ်နေရာမှာ ရှိသလဲ' လို့မေးတယ်။ ကျနော်တို့က (TNLA) နဲ့ ပတ်သက်လို့ ဘာမှ မသိကြ ဘူး။ ဒါပေမယ့် သူတို့က ကျနော်တို့ကို လေွကျာယန်တောင်ကုန်းကို သွားခိုင်းတယ်။ သူတို့က ကျနော်တို့ကို ရှေ့က သွားခိုင်းပြီး၊ ကျနော်တို့


မိုးမိတ်မြို့နယ်မှ ဦးစောမောင် သည် ခြေမြန်တပ်မ ၈၈ တပ်ဖွဲ့၏ ညှင်းပန်းနှိပ်စက်မှုကို ခံရပြီး မျက်လုံးတဖက် ဒဏ်ရာရခဲ့သည်။

**ကျေးရွာသားတစ်ဦးက သူ၏ အတွေ့အကြုံကို ပြန်ပြောပြသည်။**

"ပထမ၊ သူတို့က လက်နက်ကြီးနဲ့ ရွာထဲပစ်ထည့်တယ်။ ကျနော်တို့ကို သက်ကြီးရွယ်အိုတွေ၊ မိန်းမတွေ၊ ကလေးတွေကို စုစည်းပြီး လက်နက် ကြီးဒဏ်က လွတ်အောင် ပြေးကြတယ်။ ကျနော်တို့ ပြေးမလွတ်ခင်မှာပဲ၊ သူတို့ ရွာထဲဝင်လာကြပြီး၊ ပုန်းနေတဲ့ ယောက်ျားတွေ အားလုံး ထွက်လာကြဖို့ အမိန့်ပေးတယ်။ သူတို့ပြောတာက၊ အကယ်၍ ကျနော်တို့ ထွက်မလာရင်၊ ရွာတစ်ခုလုံးကို မီးတင် ရှို့မယ်ပြောတယ်။ ကျနော်တို့လည်း အင်မတန်ကြောက်နေကြတယ်။ သူတို့ ခြိမ်းခြောက်တဲ့အခါကျတော့ ယောက်ျား အားလုံး ထွက်လာကြတယ်။ ကျနော်တို့လည်း ထွက်လာရော၊ သူတို့က ကြိုးနဲ့တုပ်ပြီး၊ မြေကြီးပေါ်မှာ မှောက်ခိုင်းတယ်။ သူတို့က သေနတ်ဒင်နဲ့ ကျနော့်ခါးနဲ့ ကျောကို ထောင်းတယ်။ စစ်ဖိနပ်တွေနဲ့ ကန်တယ်။ မျက်နှာကို၊ ခေါင်းကိုနင်းတယ်။ ကျနော့် ပါးစပ်တွေက သွေးထွက်နေတော့ ကျနော် အသက်ရှုလို့ မရတော့ဘူး။ ခါးနဲ့ ကျောမှာ အကြီးအကျယ်ဒဏ်ရာ ရတယ်။ ခုထိတိုင် တိုင်းရင်းဆေးနဲ့ ကုသနေရတုန်းပဲ" ဟု ဆိုသည်။

နောက်ကျောကို သေနတ်နဲ့ထောက်ပြီး နောက်ကလိုက်လာတယ်။ သူတို့ပြောတာက 'ကျနော်တို့ လွေကျာယန် တောင်ကုန်းပေါ်က သေနတ်ပစ်သံကြားတာနဲ့ ကျနော်တို့အားလုံးကို သတ်ပစ်မယ်' လို့ပြောတယ်။ ကျနော်တို့ လွေကျာယန်တောင်ကုန်း ကိုရောက်တော့၊ အဲဒီမှာ (TNLA) စစ်သားတွေရှိမနေဘူး။ သူတို့က (TNLA) တပ်တွေကို မတွေ့တော့၊ ကျနော်တို့ကို ညှဉ်းပန်းနှိပ်စက်တယ်။ သူတို့ကို ဘယ်ကို ထွက်သွားကြလဲလို့ မေးပြန်တယ်။ သူတို့က ကျနော်တို့ကို သေနတ်တွေ၊ တုတ်တွေနဲ့ ရိုက်တယ်။ ပါးရိုက်တယ်။ ကျနော်တို့ အင်မတန်နာကျဉ် ခံစားရပါတယ်။ ကျနော့်နံရိုးကို ထုထောင်းထားတော့ အခုထိတိုင် ကောင်းကောင်းမရပ်နိုင်သေးပါဘူး။ ကျနော် ၂ ရက်လောက် မထနိုင်ဘူး။ အကိုက်အခဲပျောက် ဆေးသောက်နေရတယ်။ ကျနော့်မိတ်ဆွေတွေလည်း ကျနော့်လို ခံစားရတာချည်းပဲ" ဟု ဆိုသည်။ မြန်မာစစ်တပ်က အသုံးပြုသည့် အခြားသော ညှဉ်းပန်းနှိပ်စက်သည့် နည်းနာများတွင်၊ ပလပ်စတစ်အိပ် ခေါင်းစွပ်၍ အသက်ရှူမွမ်းကျပ်စေခြင်း၊ လည်ချောင်း အတွင်းသို့ ဓာတ်ဆီလောင်းချခြင်း၊ ဓားဖြင့်ထိုးခြင်း၊ ကျေးရွာသားများ၏ အရေပြားကို ဓားဖြင့် မွှန်းခြင်းများ ပါဝင်သည်။

ဒေသအခြေစိုက် တပ်ဖွဲ့များနှင့် မြန်မာနိုင်ငံ အလယ်ပိုင်းမှလာကြသော ခြေမြန်တပ်မ တပ်ဖွဲ့များက ကျေးရွာလူထု အရပ်သားများအပေါ် အကျယ်အပြန့်အသုံးပြုသည့် ညှဉ်းပန်းနှိပ်စက်သော နည်းနာများအရ၊ ညှဉ်းပန်းနှိပ်စက်ခြင်းသည် တပ်မတော်သားများကို လေ့ကျင့်ပေးရာတွင် ပုံမှန်သင်တန်းများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေသည်ဟု ဖော်ပြနေပါသည်။ ယင်းသို့ နှိပ်စက်ညှဉ်းပန်းမှုများကို မြန်မာတပ်မတော်၏ စံကျကျင့်သုံးမှုတစ်ခုအဖြစ် အသုံးပြုနေကြပါသည်။ အလားတူပင်၊ မတူကွဲပြားသော တပ်ရင်းများက အသုံးပြုကြသည့် ညှဉ်းပန်းနှိပ်စက်သည့် နည်းနာများလည်း အတူတူပင် ဖြစ်ကြောင်း ပြဆိုနေပါသည်။ သေချာရှင်းလင်းနေသည်မှာ ဤသို့လူမဆန်သော ကျင့်သုံးမှုများမှာ စစ်သားတစ်ဦးချင်း၏ သဘောအရ လွတ်လပ်စွာ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ၊ မြန်မာတပ်မတော်က စနစ်တကျ၊ အမိန့်ပေးထားချက်များ အရ ကျင့်သုံးနေမှုဖြစ်ပါသည်။

ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်သော ပြုမူမှုနှင့် လူသား ဂုဏ်သိက္ခာ ထိခိုက်စေသည့် စော်ကားမှုများ၊ အထူးသဖြင့် အရပ်သားများကို ဂုဏ်သိက္ခာ ချိုးနှိမ်ရာရောက်စေသော ဆောင်ရွက်မှုများသည် နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေကို အကြီးအကျယ် ချိုးဖောက်ခြင်းပင်ဖြစ်သည်။ (ဂျီနီဗာ နိုင်ငံတကာသဘောတူညီချက်၊ ပုဒ်မ-၄၊ နောက်ဆက်တွဲ ကျင့်ထုံးများ ၂ (Protocol II to the Geneva Convention, Article 4) ကိုကြည့်ပါ။ ဤအချက်များသည် စစ်ရာဇဝတ်မှု ကျူးလွန်ရာ မြောက်ပါသည်။

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ညှဉ်းပန်းနှိပ်စက်မှုဖြစ်ရပ် တစ်ခုပြီးနောက်၊ ဒေသခံရွာသားတစ်ဦးက ခမရ ၁၀၆ တပ်ဖွဲ့ (တပ်မ ၇၇ လက်အောက်ခံ) များကို မည်သည့်အတွက်ကြောင့် သူ၏ ရွာသားများအပေါ် ညှဉ်းပန်းနှိပ်စက်ရကြောင်း မေးမြန်းခဲ့သည်။ စစ်တပ်များက သူ့ကို "ဤသို့ လုပ်ဆောင်ရန် တာဝန်ဖြစ်သည်" ဟု ကျောစိမ့်ဖွယ် အဖြေသာ ပြန်၍ ပေးခဲ့သည်။

## တအာင်း စစ်ဖက်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်း

(TWO) အဖွဲ့က မြန်မာ့တပ်မတော်က ဖမ်းဆီးရမိသော (TNLA) စစ်သားများကို ညှဉ်းပန်းနှိပ်စက်၍ သတ်ဖြတ်မှု ဖြစ်ရပ် ၄ ခုကို မှတ်တမ်းတင်ထားနိုင်ခဲ့သည်။ ဖြစ်ရပ် ၂ ခုတွင် သူတို့ကျေးရွာသို့ ပြန်လာလည်သည့် စစ်သားများကို မြန်မာစစ်တပ်က ဖမ်းဆီးမိခြင်းဖြစ်သည်။ ကျန်ဖြစ်ရပ် ၂ ခုတွင် ကင်းလှည့်စဉ်တွင် စစ်သားများက ဖမ်းဆီးရမိလာခြင်း ဖြစ်သည်။

ဖြစ်ရပ်တစ်ခုချင်းစီတွင်၊ ယင်းစစ်သားများကို အလွန်အမင်း ရက်စက်ကြမ်းကြုတ်စွာ ပြုမူဆက်ဆံကြသည်။ ဖမ်းဆီးခံရသည့် စစ်သား ၉ ဦးအနက် ၈ ဦးမှာ ရိုက်နှက်ရုံမျှသာမက၊ အရှင်လတ်လတ် အရေပြားကို လှီးဖြတ်ခံရပြီး၊ နောက်ပိုင်းတွင် ပစ်သတ်ခံကြရသည်။ တစ်ဦးမှာမူ လူတစ်ပိုင်းကို မြေမြှုပ်ထားပြီး၊ သူ၏မျက်နှာနှင့် အရေပြားကို ဓားဖြင့် မွှန်းခဲ့ကြသည်။

ဤဖြစ်ရပ်များသည် လေးနှစ်ဆက်တိုက်၊ (၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅ ခုနှစ်များ) တွင်၊ မြို့နယ်လေးခု (မန်တုံ၊ နမ့်ဆန်၊ ကျောက်မဲနှင့် မူဆယ်) တို့တွင် ဖြစ်ပွားခဲ့ပြီး၊ ညှဉ်းပန်းနှိပ်စက်မှုများကို တပ်ရင်း ၃ ခု (ခလရ ၁၃၀၊ ခလရ ၅၀၄ နှင့် တပ်မ ၇၇) တို့၏ တပ်ဖွဲ့ဝင်များက ကျူးလွန်ခဲ့ကြသည်။ အရေခွံဆုတ်ခွာသည့် လုပ်ရပ်ကို ကျောက်မဲအခြေစိုက် စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ် ၁ အောက်ရှိ ခလရ ၅၀၄ တပ်ဖွဲ့ဝင်များ၊ ပဲခူးမှလာသော တိုက်ခိုက်ရေး ခြေမြန် တပ်မ ၇၇ ၏ အဖွဲ့ဝင်များက ကျူးလွန်ခဲ့ကြသည်။ တပ်မ ၇၇ မှာ ၂၀၁၃ ခုနှစ်ကတည်းက ရှမ်းပြည်နယ်မြောက်ပိုင်းသို့ စစ်ဆင်ရေးအကူအဖြစ် ရောက်ရှိနေခဲ့သော တပ်ဖြစ်သည်။

ဤသည်မှာ မြန်မာတပ်မတော်အနေဖြင့် စစ်အကျဉ်းသားများအပေါ် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ရန် မူဝါဒတည်ရှိနေခြင်းကို ပြသနေရုံမျှမက၊ ညှဉ်းပန်းနှိပ်စက်ခြင်း နည်းနာတစ်ခုအဖြစ် အရေခွံဆုတ်ခွာခြင်းကို ပြုကျင့်ရန် လေ့ကျင့်ပေး ထားကြောင်း ပေါ်လွင်နေပါသည်။ ဤအချက်မှာ ၁၉၄၉ ခုနှစ်၊ ဂျီနီဗာ နိုင်ငံတကာ သဘောတူညီချက်၊ ပုဒ်မ ၃ ၏ နောက်ဆက်တွဲကျင့်ထုံးများ - ၂ (Additional Protocol II) ကို ချိုးဖောက်ရာ ကျရောက်နေပါသည်။ ယင်းတွင်ဖော်ပြ ထားရာ၌၊ နိုင်ငံတကာအဆင့်မဟုတ်သည့် ပဋိပက္ခစစ်ပွဲများတွင် လွတ်လပ်ခွင့်ဆုံးရှုံးနေသူများအပေါ် လူသားပီသစွာ ပြုမူဆက်ဆံရေးနှင့် ပတ်သက်၍ ချိုးဖောက်ရာကျရောက်နေပြီး၊ ယင်းတို့ကို သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အလားတူ ရက်စက်ကြမ်းကြုတ်သော၊ လူဂုဏ်သိက္ခာညှိုးနွမ်းစေသော၊ သို့မဟုတ် လူ့သိက္ခာကျဆင်းစေသော ပြုမူဆက်ဆံမှုများမှ ကာကွယ်ပေးထားခြင်းကို ချိုးဖောက်ရာ ရောက်စေပါသည်။



*မြန်မာ့စစ်တပ်ဖွဲ့နှင့် ပန်းဆေးပြည်သူ့စစ်မှ နမ့်ခမ်းမြို့နယ်ရှိ စေကောင်ရွာမှ ရွာသားများအား ရိုက်နှက်ခြင်း။ ဒီဇင်ဘာ ၂၀၁၅ ခုနှစ်*



*စေကောင်ရွာသားဖြစ်သူ မိုင်းညီဖူးအား ခလရ ၃၂၄ နှင့် ပန်းဆေးပြည်သူ့စစ်တပ်ဖွဲ့တို့မှ ရိုက်နှက်ခြင်း။*

## အစိုးရနှင့် မဟာမိတ်ပြုထားသည့် ပြည်သူ့စစ်လက်နက်ကိုင် တပ်ဖွဲ့များက ညှဉ်းပန်းနှိပ်စက်ခြင်း

မြန်မာ့တပ်မတော်က၊ ၎င်းတို့နှင့် မဟာမိတ်ပြုထားသော ပြည်သူ့စစ်လက်နက်ကိုင်တပ်ဖွဲ့များနှင့်အတူ အရပ်သားများအပေါ် ညှဉ်းပန်းနှိပ်စက်မှု အနည်းဆုံးဖြစ်ရပ် ၆ ခုကို (TWO) အဖွဲ့က မှတ်တမ်းတင်ထား နိုင်ခဲ့ပါသည်။ အထူးသဖြင့် နမ့်ခမ်းအခြေစိုက် ပန်းဆေးပြည်သူ့စစ် တပ်ဖွဲ့က ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ သို့အတွက်ကြောင့် မြန်မာတပ်မတော် အနေဖြင့် ညှဉ်းပန်းနှိပ်စက်မှုနည်းနာများကို ၎င်း၏ပြည်သူ့စစ် တပ်ဖွဲ့များ ထံသို့ တရားဝင် သင်တန်းပေးထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပြည်သူ့စစ်လက်နက်ကိုင်တပ်ဖွဲ့များက ယင်းနည်းနာများကို လက်ခံကျင့်သုံးနေပြီး၊ ရာဇဝတ်များ ကျူးလွန်နေကြကြောင်း ဥပမာ ပြသနေပါသည်။

ပြည်သူ့စစ်တပ်ဖွဲ့များက အရပ်သားများအပေါ် သီးခြားလွတ်လပ်စွာ ညှဉ်းပန်းနှိပ်စက်မှုများ ဆောင်ရွက်နေကြသည်မှာ အံ့သြဖွယ်ရာ မရှိပါ။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) မှ ဒေသခံဝန်ထမ်း ၂ ဦးကို ပန်းဆေးဒေသ၌ ဘိန်းသီးနှံ စောင့်ကြည့်လေ့လာရေးတာဝန် ထမ်းဆောင်ရန် နမ့်ခမ်းသို့ ခရီးထွက်ခွာစဉ်တွင်၊ ပန်းဆေးပြည်သူ့စစ်များက ကိုယ်ထိလက်ရောက် တိုက် ခိုက်ခဲ့ပါသည်။ သူတို့ လုပ်ဆောင်သော ဘိန်းသီးနှံ စောင့်ကြည့် လေ့လာရေး လုပ်ငန်းမှာ အစိုးရအတည်ပြုထားသော လုပ်ငန်းဖြစ်သည်။ သူတို့ကို သေနတ်များဖြင့် ကိုယ်နှင့်ခေါင်းတွင် ထုနက်ခြင်း ပြုခဲ့ကြပြီး၊ ဖူးယောင်မှုများ ခံစားခဲ့ကြရသည်။ ဝမ်းနည်းဖွယ် ကောင်းသည်မှာ (UNODC) ရုံးက ဤကိစ္စအပေါ် လူသိရှင်ကြား ကန့်ကွက်ပစ်တင်ခြင်း မရှိခဲ့ပါ။

## ၂။ အရပ်သားများကို တရားမဝင် သတ်ဖြတ်ခြင်း

မြန်မာ့တပ်မတော်က အရပ်သားများအပေါ် ကျူးလွန်ချိုးဖောက်သည့် တရားမဝင် သတ်ဖြတ်မှု ဖြစ်ရပ် ၈ ခုကို မှတ်တမ်းတင်ထားနိုင်ခဲ့သည်။ အရပ်သား ၁၀ ဦးကို သတ်ဖြတ်မှုကို မြန်မာ့တပ်မတော် တပ်ရင်း ၆ ခုက မြို့နယ် ၄ ခုရှိ ကျေးရွာ ၉ ခုတွင် သီးခြားဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ကျေးရွာသား ၂ ဦးကို တပ်ဖွဲ့များက လမ်းပေါ်တွင် တွေ့ရှိရာ၌ ပစ်ခတ်သတ်ဖြတ်ခဲ့ ကြသည်။ အခြား ၅ ဦးမှာ လယ်ကွင်းများအတွင်း သတ်ဖြတ်ခံရသည်။ တစ်ဦးမှာ ညှဉ်းပန်းနှိပ်စက်ပြီး နောက် သတ်ဖြတ်ခံရသည်။ ကျေးရွာသား တစ်ဦးမှာ ပေါ်တာဆွဲ ခံရခြင်းမှ ကင်းလွတ်စေရန် ကျေးရွာတွင်း ပုန်းအောင်း နေရာမှ ပစ်ခတ်သတ်ဖြတ်ခံ ရခြင်းဖြစ်သည်။

ဦးဘအေး (အသက် ၈၇ နှစ်) မှာ၊ သူ၏ကျေးရွာအနီး (TNLA) တပ်များနှင့် မြန်မာစစ်တပ် တပ်ရင်းတို့တိုက်ပွဲဖြစ်ပွားပြီးနောက်၊မြန်မာစစ်တပ်ခလရ ၁၃၀ နှင့်ပေါင်းစိုင်ပြည်သူ့စစ်တပ်ဖွဲ့ များ သူ့အိမ်တွင်းသို့ ဝင်ရောက်လာကာ၊ အနီးကပ် ပစ်သတ်ခံရသည်။ သူတို့က ပစ်သတ်ပြီး ခန္ဓာကိုယ်ကို သွေးအိုင်တွင်းတွင် ဤအတိုင်းပစ်ထားခဲ့ ကြသည်။ နောက်တစ်နေ့တိုင်အောင် သူ၏ ဆွေမျိုးသားချင်းများက လာရောက် သန့်စင်ပေးရန်၊ မြှုပ်နှံပေးရန် ခွင့်မပြုခဲ့ကြပေ။

များမကြာသေးမီက၊ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင်၊ အသက် ၁၇ နှစ် အရွယ် မိန်းကလေးငယ်တစ်ဦးကို တိုက်ပွဲများရန်မှ လွတ်ကင်းအောင် ပြေးလွှားနေပြီးနောက်၊ နမ့်ခမ်းသို့ ပြန်အလာတွင် တပ်မ ၃၃ ၏ တပ်များက ပစ်ခတ်သတ်ဖြတ် ခဲ့သည်။

သတ်ဖြတ်မှု အများစုမှာ တမင်သက်သက် သတ်ဖြတ်မှုကျူးလွန်ခဲ့သည့် အသွင်ရှိသည်။ အရပ်သား များကိုသတ်ဖြတ်မှုမှာ (ဂျီနီဗာ နိုင်ငံတကာသဘောတူညီချက် ပုဒ်မ ၄ ၏ နောက်ဆက်တွဲ ကျင့်ထုံးများတွင် အတိအလင်းဖော်ပြထားသော) နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို ချိုးဖောက်နေခြင်းဖြစ်ပြီး၊ စစ်ရာဇဝတ်မှုမြောက်သည်။



*နမ့်ခမ်းသို့သွားရာလမ်းတွင် တပ်မ ၈၈ ၏ ပစ်ခတ်မှု မိုင်းနိုင်ဂျာအား ထိမှန်ခဲ့ခြင်း။*

## ၃။ လိင်မှုဆိုင်ရာ အကြမ်းဖက်မှု

(TWO) အဖွဲ့က မြန်မာတပ်မတော် တပ်ဖွဲ့များက ရှမ်းပြည်နယ်အတွင်း ကျူးလွန်သော လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ရပ် ၈ ခုကို ပြီးခဲ့သည့် ၅ နှစ်တာကာလအတွင်း မှတ်တမ်းတင်ထားနိုင်ခဲ့ပါသည်။ ဤသည်မှာ အလားတူ ရာဇဝတ်များအတွက် အနည်းငယ်မျှသော အချိုးကိုသာ ကိုယ်စားပြုဖော်ပြနိုင်ပုံ ရပါသည်။ ဖြစ်ရပ်အများစုမှာ စစ်တပ်၏ လက်စားခြေခံရမည်ကို ကြောက်ရွံ့သောကြောင့်၊ သို့မဟုတ် လူမှုအသိုက်အဝန်းမှ ဖယ်ကျဉ်ခံရမည်ကို စိုးရွံ့သောကြောင့် သတင်းပေးပို့ တိုင်ကြားခြင်း မရှိကြပါ။

(TWO) အဖွဲ့က မှတ်တမ်းတင်ထားသော ဖြစ်ရပ်များသည်၊ ၂၀၁၂ မှ ၂၀၁၆ ခုနှစ်များအတွင်း မြို့နယ် ၃ ခု (မန်တုံ၊ ကွတ်ခိုင်နှင့် နမ့်ဆန်) တို့တွင် ဖြစ်ပွားခဲ့ပြီး၊ ကျေးလက်ဒေသ ကျေးရွာများတွင်၊ သို့မဟုတ် အနီးတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။ ဤဖြစ်ရပ်များတွင် တပ်ရင်း/တပ်မ ၅ ခုမှ စစ်သားများ၊ သို့မဟုတ် အရာရှိများ ပါဝင်ပတ်သက်နေကြပါသည်။ ပထမဖြစ်ရပ် ၄ ခုတွင် ပါဝင်ပတ်သက်သော စစ်သားများမှာ ဒေသအခြေစိုက်တပ်ရင်းများ (ခလရ ၁၁၅၊ ၅၀၂ နှင့် ၁၃၀) တို့ ပါဝင်ပတ်သက်နေကြပြီး၊ မကြာသေးမီက ဖြစ်ပွားသည့် ဖြစ်ရပ် ၂ ခုတွင် မြန်မာပြည် အလယ်ပိုင်းမှ လာသော တိုက်ခိုက်ရေးတပ်မများ (တပ်မ ၉၉ နှင့် တပ်မ ၃၃) မှ စစ်သားများ ပါဝင်ပတ်သက်နေကြပါသည်။ ယင်းတပ်ဖွဲ့များမှာ ဆက်လက်ဆောင်ရွက်နေသော စစ်ဆင်ရေးများအတွက် ဤရွာများအနီးတွင် ယာယီစခန်းချနေကြသော တပ်ဖွဲ့များ ဖြစ်ပါသည်။

ဤဖြစ်ရပ်များ၏ အခြေအနေ ဖော်ပြချက်များအရ ပြစ်မှုကျူးလွန်သူများသည် အပြစ်ပေး အရေးယူမှုကင်းလွတ်ခွင့် ရှိနေသည့်အပေါ် ယုံကြည်မှု အပြည့်ရှိနေကြပါသည်။ ထို့အပြင် ဤအကြမ်းဖက်မှုများကို အခြားသူများက ကြားနိုင်သည့်၊ သို့မဟုတ် မျက်မြင်သက်သေဖြစ်နိုင်သည့် အခြေအနေများတွင် အများဆုံး ကျူးလွန်ကြသည်။ ဖြစ်ရပ်တစ်ခုတွင် ဘုန်းကြီးကျောင်းဝင်းအတွင်း၌ သီလရှင်တစ်ပါးကို မုဒိမ်းပြုကျင့်ရန် ကြိုးပမ်းမှုပါဝင်ပြီး၊ ကျန်ဖြစ်ရပ်များတွင် အမျိုးသမီးတစ်ဦးကို သူ၏ ရွာအနီးလမ်းဘေးတွင် မုဒိမ်းပြုကျင့်မှု၊ နှင့် အရာရှိတစ်ဦးက အမျိုးသမီးတစ်ဦးကို တပ်စခန်းအတွင်း မုဒိမ်းပြုကျင့်မှုတို့ ပါဝင်ကြသည်။ နိဝင်ဘာလ ၂၅ ရက်၊ ၂၀၁၅ ခုနှစ်တွင် ကျေးရွာလူထုများက ဆွံ့အနေသည့် မိန်းကလေးငယ်တစ်ဦးကို၊ ပွဲတော်တစ်ခုအတွက် ဘုန်းကြီးကျောင်းသို့အသွား လမ်းတွင်၊ စစ်သား တစ်ဦးက မုဒိမ်းပြုကျင့်နေသည်ကို မျက်မြင်သက်သေတွေ့ကြရသည်။ သို့သော် ထိုသူက လက်နက် ကိုင်ဆောင်ထားသောကြောင့် ဟန့်တားရန် မဝံ့ရဲကြပါ။

ဖြစ်ရပ်များအနက် တစ်ခုတွင်သာ နစ်နာရပြီး ရှင်ကျန်ရစ်သူက ရာဇဝတ်မှုကို တိုင်ကြားရန် ဝံ့ရဲခဲ့သည်။ မုဒိမ်းမှုပြုကျင့်ရန် ကြိုးပမ်းခံရသည့် သီလရှင်က သူတို့၏တပ် ဘုန်းကြီးကျောင်းအတွင်း ယာယီစခန်းချနေသော တပ်မှူးထံသို့တိုင် ကြားနိုင်ခဲ့သည်။ ပထမပိုင်းတွင် တပ်မှူးက တိုင်ကြားမှုကို လက်မခံပေ။ သို့သော် သီလရှင်က ရွာလူကြီးကို အကူအညီတောင်းသောကြောင့်၊ တပ်မှူးအနေဖြင့် ပြစ်မှုကျူးလွန်သူကို ရှာဖွေဖော်ထုတ်ရန် ရဲဘော်များကို မဖြစ်မနေ တန်းစီပေးခဲ့ရသည်။ ထိုစစ်သားကို လူအများရှေ့တွင် ရိုက်နှက်ခဲ့သည်။

အခြားဖြစ်ရပ်များတွင်၊ ပြစ်မှုကျူးလွန်သူများအပေါ် နစ်နာရပြီး ရှင်ကျန်

ရစ်သူများက တိုင်ချက်မဖွင့်ရဲကြပါ။ အကြောင်းမှာ စစ်တပ်က လက်တုံ့ပြန်ခံရမည်ကို စိုးရိမ်ခြင်းနှင့် တရားမျှတသည့်အတိုင်း ဖြစ်လာမည်ကို သံသယရှိ၊ မယုံကြည်ကြခြင်းတို့ကြောင့် ဖြစ်သည်။ ဖြစ်ရပ် ၂ ခုတွင်၊ အကယ်၍ ရာဇဝတ်မှုကို တိုင်ကြားပါက ယင်းအမျိုးသမီးများကို သတ်ဖြတ်မည်ဟု ပြစ်မှုကျူးလွန်သူများက ခြိမ်းခြောက်ခဲ့ကြသည်။

မုဒိမ်းပြုကျင့်မှုသည် နိုင်ငံတကာလူသားချင်းစာနာမှု ဥပဒေများအရ ပြည်တွင်းစစ် ပဋိပက္ခများတွင် အတိအလင်းတား မြစ်ထားပါသည်။ အထူးသဖြင့် ဂျီနီဗာ နိုင်ငံတကာဥပဒေများ၊ ပုဒ်မ ၄၊ ၂။ (င)၊ နောက်ဆက်တွဲကျင့်ထုံးများ ၂ (Protocol II) တွင် ဖော်ပြထားပါသည်။



Photo by Sanao Tem

*တပ်မ ၈၈၊ ၉၉ နှင့် ခလရ ၄၅ တို့၏ လက်နက်ကြီးဖြင့် ပစ်ခတ် ဖုံးကျဲခြင်းကြောင့် နမ့်ခမ်းမြို့နယ်ရှိ မန်အောင်ရွာတွင်း အိမ်များ ပျက်စီးခဲ့ရခြင်း။*

## ၄။ အရပ်သားပစ်မှတ်များကို လက်နက် ကြီးဖြင့် ပစ်ခတ်ခြင်း ဗုံးကျဲခြင်း သေနတ်ဖြင့် ပစ်ခတ်ခြင်း။

ပြီးခဲ့သည့် ၅ နှစ်တာ ကာလတွင်၊ မြန်မာတပ်မတော် တပ်ဖွဲ့များက လက်နက်ကြီးများသုံး၍ ကျေးရွာ လူနေထူထပ်ရာ နေရာများထံ ရန်သူ-အရပ်သား မခွဲခြားဘဲ ပစ်ခတ်တိုက်ခိုက်ခဲ့ကြပါသည်။ မြေပြင်မှဖြစ်စေ၊ လေယာဉ်များသုံး၍ဖြစ်စေ၊ ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ ယင်းသို့ တိုက်ခိုက်မှုများကို မြို့နယ် ၉ ခုရှိ၊ ကျေးရွာ ၂၉ ခုတွင် ဆောင်ရွက်ခဲ့ကြပြီး၊ အရပ်သား ၁၇ ဦး သေဆုံးကာ၊ ၃၅ ဦး ဒဏ်ရာရရှိစေခဲ့သည်။ ၎င်းတို့တွင် အသက်အရွယ်ကြီးရင့်သူများ၊ အမျိုးသမီးများ၊ ကလေးများ ပါဝင်ပြီး၊ လူထောင်ပေါင်းများစွာ၏ အသက်အန္တရာယ်အတွက် စိုးရိမ်ဖွယ် ဖြစ်စေခဲ့သည်။

ဤသို့ တိုက်ခိုက်မှုများကို အနည်းဆုံး တပ်ရင်း ၁၉ ခု၏ တပ်ဖွဲ့များက ဆောင်ရွက်ခဲ့ကြရာ၊ ယင်းတို့တွင် ဒေသအခြေစိုက်တပ်ဖွဲ့များနှင့် မြန်မာပြည်မမှလာသည့် ခြေမြန်တပ်မ တိုက်ခိုက်ရေးတပ်များ (တပ်မ ၃၃၊ ၇၇၊ ၈၈ နှင့် ၉၉) လည်း ပါဝင်ကြသည်။ ၂၀၁၆ ခုနှစ် အစောပိုင်းတွင် အရပ်သားများအပေါ် ဗုံးကျဲတိုက်ခိုက်မှုများကို တပ်မ ၃၃ နှင့် ၉၉ လက်အောက်ရှိ တပ်များက ဆောင်ရွက်ခဲ့ကြသည်။

အချို့ဖြစ်ရပ်များတွင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုများကို မဟာမိတ်ဖြစ်သည့် ဒေသခံပြည်သူ့စစ်တပ်ဖွဲ့များနှင့်အတူ ပူးတွဲဆောင်ရွက်ခဲ့ကြသည်။ (ဥပမာ - ပန်းဆေးပြည်သူ့စစ်နှင့် နမ့်ခမ်းမြို့မ ပြည်သူ့စစ်တပ်ဖွဲ့များ ဖြစ်သည်။)

အရပ်သားပစ်မှတ်များကို ပုံးကျဲခြင်းများအပြင်၊ (TWO) အဖွဲ့က မှတ်တမ်း တင်ထားရာ၌၊ မြန်မာစစ်တပ်များက အရပ်သားများကို လက်နက်ကိုင်-ပြည်သူ မခွဲခြားဘဲ ပစ်ခတ်သည်ကို ဖြစ်ရပ် ၇ ခု တွေ့ရှိရပြီး၊ အရပ်သား ၂ ဦးသေဆုံးကာ ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်ရပ်များတွင် အမျိုးသမီးများနှင့် မိန်းကလေးများ လည်း ဒဏ်ရာရရှိခဲ့ကြသည်။ တပ်ဖွဲ့များက အရပ်သားမော်တော်ယာဉ် များကိုလည်း ပစ်ခတ်ကြပြီး၊ တိုက်ပွဲများကြားမှ ထွက်ပြေးကြသည့် အရပ်သားများကိုလည်း ပစ်ခတ်ခဲ့ကြသည်။

အရပ်သားပစ်မှတ်များကို လက်နက်ကိုင်-အရပ်သားမခွဲခြားဘဲ အစဉ် သဖြင့် ပုံးကျဲခြင်း၊ တိုက်ခိုက်ခြင်းပြုသည် အစဉ်အလာကို ကြည့်၍၊ မြန်မာတပ်မတော်က ယင်း၏ ရှမ်းပြည်နယ် မြောက်ပိုင်း ထိုးစစ်များ တွင် တမင်တကာ ရည်ရွယ်ချက်ဖြင့် ကျင့်သုံးနေသော ဗျူဟာဟု ယူဆနိုင်သည်။ ဤလုပ်ဆောင်များသည် နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေများကို တိုက်ရိုက်ချိုးဖောက် နေခြင်းဖြစ်သည်။ ဂျီနီဗာ နိုင်ငံတကာ သဘောတူညီချက် ပုဒ်မ-၁၃၊ နောက်ဆက်တွဲ ကျင့်ထုံးများ - ၂ (Protocol II) တွင် ဖော်ပြထားရာ၌၊ "အရပ်သား လူထုများ၊ အလားတူပင် အရပ်သား တစ်ဦး ချင်းအပေါ် ဦးတည်၍ မတိုက်ခိုက်ရ" ဟုဖော်ပြထားသည်။ ထို့အပြင်၊ နိုင်ငံတကာ ရာဇဝတ် မှုဆိုင်ရာ တရားခုံရုံး ရောမဥပဒေ (Rome Statute) ပုဒ်မ-၈ တွင် ဖော်ပြထားရာ၌ "တိုက်ခိုက်ခြင်း၊ သို့မဟုတ် ပုံးကျဲမှုသည် မည်သို့ ပင်ဖြစ်စေ၊ ခုခံကာကွယ်နိုင်ခြင်း မရှိသည့် မြို့များ၊ ကျေးရွာများ၊ သို့မဟုတ် အဆောက်အဦများ ဖြစ်လျှင်၊ သို့မဟုတ် စစ်ရေးဆိုင်ရာ ဦးတည်ချက်များ မဟုတ်လျှင်" စစ်ရာဇဝတ်မှုမြောက်သည်ဟု ဖော်ပြထားသည်။



*ကွတ်ခိုင်မှ ၉ နှစ်အရွယ် မိန်းကလေးငယ် တပ်မ ၃၃ ၏ ပတ်ခတ်မှုခံရ*



*မိုးမိတ်မြို့နယ်ရှိ ဆိုင်းလိန်းရွာမှ အမျိုးသမီးတဦး ခလရ ၇၁ ၏ လက်နက်ကြီးဖြင့် ပတ်ခတ်မှုကြောင့် ဒဏ်ရာရ*

*မိုးမိတ်မြို့နယ်ရှိ ရွှေညောင်ပင်ရွာ၏ အတွင်းရေးမှူး ခလရ ၂၂၃ ၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရ*



## ၅။ အဓမ္မပေါ်တာ ခိုင်းစေခြင်း၊ အရပ်သားများကို လူသားဒိုင်းကာအဖြစ် အသုံးချခြင်း



*မန်ပူးရွာ အိုက်နိုင်ပန် ခလရ ၂၂၊ ၂၃၊ ၁၄၄၊ ၈၈ နှင့် ပန်းဆေးပြည်သူ့စစ်တပ်ဖွဲ့တို့မှ ပစ်သည့် ကျည်ဆံထိသွားခြင်း။*

မြန်မာတပ်မတော်က အဓမ္မလုပ်အားခိုင်းစေခြင်းကို ပြီးခဲ့သည့် ၅ နှစ်တာ ကာလအတွင်း တအာင်းဒေသတွင် စနစ်တကျ ကျင့်သုံးနေခဲ့ပါသည်။ (TWO) အဖွဲ့က အဓမ္မလုပ်အားခိုင်းစေမှု ဖြစ်ရပ် ၂၇ ခုကို ၂၀၁၁ ခုနှစ်၊ နှစ်လယ်မှ ၂၀၁၆ ခုနှစ် မတ်လတိုင်အောင် မှတ်တမ်းတင်ထားနိုင်ခဲ့ပြီး၊ ယင်းဖြစ်ရပ်များတွင် မြန်မာစစ်တပ် တပ်ရင်း/တပ်မ အနည်းဆုံး ၂၀ ခန့် ပါဝင်ပတ်သက်နေကြသည်။

အဓမ္မလုပ်အား ခိုင်းစေခြင်းကို မြို့နယ် ၇ ခုရှိ ကျေးရွာ ၂၄ ခုမှ စုစုပေါင်း ရွာသား ၃၂၂ ဦးအပေါ် ကျင့်သုံးခဲ့ကြောင်း တွေ့ရှိရသည်။ အများစုမှာ ပေါ်တာအဖြစ် ခိုင်းစေခြင်းဖြစ်ပြီး၊ စစ်တပ်အတွက် ထောက်ပံ့ပစ္စည်းများ သယ်ဆောင်စေသည်။ အချို့ကို စစ်တပ်အတွက် လမ်းပြစေခြင်း၊ သို့မဟုတ် စစ်စခန်းများ ဆောက်လုပ်ရာတွင် အသုံးပြုခဲ့ကြသည်။ အလုပ်လုပ်စဉ် ကာလတွင် ရွာသားများကို လုံးဝမကျွေးမွေးဘဲထားခြင်း၊ ကျွေးလျှင်လည်း အနည်းငယ်မျှသာ ကျွေးမွေးခဲ့ကြသည်။ မည်သူတစ်ဦးမျှ လုပ်အားအတွက် အခကြေးငွေ ရရှိသည်ဟူ၍ မရှိပါ။ တိုက်ပွဲများ ဖြစ်ပွားနေသည့် နေရာများသို့ တပ်နှင့်အတူ သွားကြရသည့်အခါ၊ ကျေးရွာလူထုများအတွက် အထူးအန္တရာယ်ရှိနိုင်ပါသည်။ မြေမြှုပ်မိုင်းများကြောင့် ပေါ်တာအဖြစ် ခိုင်းစေခံရသူ ရွာသား ၂ ဦး သေဆုံးခဲ့ရပြီး၊ ၆ ဦးမှာ တိုက်ပွဲအတွင်း ဒဏ်ရာရရှိခဲ့ကြသည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် အစောပိုင်းတွင် ကျေးရွာလူထုများကို ပေါ်တာအဖြစ် ခိုင်းစေခြင်းဖြစ်ရပ်များ တိုးများလာ ခဲ့သည်။ ဤကာလတွင် အနည်းဆုံး ကျေးရွာလူထု ၁၄၈ ဦး ပေါ်တာအဖြစ် ခိုင်းစေခံရသည်။ အကြောင်းမှာ တပ်မ ၃၃၊ ၇၇၊ ၈၈ နှင့် ၉၉ အပါအဝင်၊ မြန်မာပြည် အလယ်ပိုင်းမှ တိုက်ခိုက်ရေးတပ်မများ တိုး၍ ချထားလာသောကြောင့် ဖြစ်သည်။ သို့အတွက်ကြောင့် ဗဟိုအမိန့်ပေးဌာနချုပ်မှနေ၍ ပေါ်တာဆွဲ၍ ခိုင်းစေအသုံးပြုရန် မူဝါဒကို ဆက်လက် ကျင့်သုံးနေသေးကြောင်း ဖော်ပြနေသည်။

အဓမ္မလုပ်အားပေးရန် ခေါ်ဆောင်ခိုင်းစေခံကြရသူ အားလုံးနီးပါးသည် ယောကျ်ားများ ဖြစ်ကြသည်။ သို့သော် ၂၀၁၃ ခုနှစ်၊ မတ်လတွင် တန့်ယန်းရှိ အသက် ၁၄၊ ၁၅ နှင့် ၁၆ နှစ်ရှိသူ မိန်းကလေး ၃ ဦးကို သေနတ်ဖြင့် ထောက်၍ လားရှိုး အခြေစိုက် ခမရ-၄၁ က လမ်းပြအဖြစ် ခေါ်ဆောင်သွားခဲ့သည်။ မိန်းကလေးတစ်ဦးက သူတို့၏အတွေ့အကြုံကို ပြန်လည်ပြောပြရာတွင်၊ "စစ်သား ၃၀ လောက် ကျမတို့ရွာကို ညနေ ၅ နာရီလောက် ရောက်လာကြပြီး၊ ဟွေပူကျေးရွာ ကို လမ်းပြပေးဖို့ ခိုင်းတယ်။ ကျမတို့က မသွားချင်ကြဘူး။ ကြောက်နေကြတယ်။ စစ်သားတွေက သေနတ်နဲ့ ချိန်ထားတော့ ကျမတို့ ငိုကြတယ်။ ကျမတို့ တစ်ညတောထဲမှာ အိပ်ကြရတယ်။ ကံကောင်းတာက စစ်သားတွေက ကျမတို့ကို မုဒိမ်းမကျင့်တာပဲ။



*မိုင်းရန်သန်းထွန်း၊ နမ့်ခမ်းရွာသားမှ အပစ်ခံရ၍ မျက်လုံးတဖက်ပျက်စီးသွားခြင်း*

စစ်သားတွေက တောထဲမှာ လှည့်လည်ပြီး စွန့်စွားသွားဖို့ မရဲကြဘူး။ ကျမတို့ကို သူတို့ကိုယ်စား ရေခပ် ခိုင်းတယ်။ ကျမတို့ကို နောက်တစ်နေ့ မနက် ၇ နာရီလောက် မှာ ပြန်လွှတ်ပေးတယ်" ဟု ပြောပြသည်။

အမှန်တွင် ရေခပ်ခိုင်းခြင်းသည် အလွန်အမင်း အန္တရာယ်ကြီးသည်။ နောက်တစ်နေ့တွင် ယင်းကျေးရွာ တစ်ခုတည်းမှ ယောက်ျား ၂ ဦးကို ယင်းတပ်ဖွဲ့ကပင်၊ ပေါ်တာအဖြစ် အတင်းအဓမ္မခိုင်းစေခဲ့၍ ရေခပ် ခိုင်းရာ မြေမြှုပ်မိုင်းထိ၍ သေဆုံးရသည်။ တစ်ချိန်တည်းတွင်၊ ပေါ်တာအဖြစ် ခိုင်းစေခံနေရသူ၊ နစ်နာရသည့် ကာယကံရှင်၏ သားဖြစ်သူက မည်သို့ ဖြစ်ပျက်သည်ကို အောက်ပါအတိုင်း ပြန်ပြောပြသည်။ "မြန်မာစစ်သားတွေ က ကျနော်တို့ကို နစ်ယောက်တစ်တွဲ ကြိုးချည်ထားတယ်။ ပြီးတဲ့နောက်မှာ သူတို့အတွက် ရေခပ်ခိုင်းတယ်။ ကျနော်တို့က ရှေ့က၊ စစ်သားတွေက နောက်က လိုက်ကြတယ်။ ကျနော့်အဖေနဲ့ ဦးလှိုင်ခမ်းတို့က အရှေ့က ညာဖက်မှာ ရှိနေကြတယ်။ သူတို့မိုင်းနင်းမိကြပြီး ကျနော့် ရှေ့မှာပဲ ဆုံး သွားကြတယ်။ ကျနော်လည်း ကြောက်လန့်နေတာနဲ့ စကားတောင် မပြောနိုင်ဘူး" ဟု ပြန်ပြောပြသည်။

မြန်မာ့တပ်မတော် တပ်ဖွဲ့များက မြေမြှုပ်မိုင်းဒဏ်ကြောင့် သေဆုံးရသော လူတစ်ဦးချင်း၏ မိသားစုဝင်များထံသို့ ကျပ် ၅၀၀,၀၀၀ (အမေရိကန် ဒေါ်လာ ၅၀၀ ခန့်) လျော်ကြေး ထောက်ပံ့ပေးခဲ့ရာ၊ မြန်မာတပ်မတော်က မြေမြှုပ်မိုင်းများ ချထားကြောင်း ဝန်ခံသကဲ့သို့ ရှိနေသည်။ သို့သော်လည်း အခြားသော ပေါ်တာအဖြစ် ဝန်ထမ်းခဲ့ရသူတစ်ဦးက ပြောပြရာတွင် "လူတစ်ဦးရဲ့ အသက်က ကျပ် ၅ သိန်းနဲ့ တန်ပါသလား။ သိပ်ပြီး ရက်စက် ပါတယ်။ နစ်နာရသူ ကာယကံရှင်တွေက မိသားစုအတွက် ဝင်ငွေရှာနေ ကြတဲ့သူတွေပါ။ ခုတော့ ဆုံးပါးကုန်ကြရပါတယ်။ မိသားစုဝင်တွေက ဘယ်လို ဆက်လက်ရှင်သန်ကြမှာလဲ" ဟု မေးခွန်းထုတ်သည်။

လမ်းပြ၊ သို့မဟုတ် ပေါ်တာအဖြစ် ခိုင်းစေခံရသော ကျေးရွာလူထုများကို "လူသားဒိုင်းကာ" အဖြစ်လည်း တအောင်းတပ်များက တိုက်ခိုက်မခံရ စေရန်၊ အပဟန့်အတားအတွက် အသုံးပြုကြသည်။ ၂၀၁၅ ခုနှစ်၊ ဇွန်လ တွင် အမျိုးသမီး ၆ ဦးနှင့် ယောက်ျားတစ်ဦးကို စစ်တပ်၏ ရှေ့က လျှောက်စေပြီး၊ နောက်မှ တပ်များက ပစ်ခတ်လိုက်ပါလာခဲ့ကြသည်။

ဖြစ်ရပ်တစ်ခုတွင်၊ မြန်မာစစ်တပ်က ကျေးရွာလူထု ၇၀၀ ကျော်ကို ပုံးကျဲ

ပစ်ခတ်နေသည့်ကြားမှပင် ရွာမှမထွက်ခွာနိုင်ရန် တားဆီးထားခဲ့ပါသည်။ အကြောင်းမှာ သူတို့က တအာင်းတပ်ဖွဲ့များ တိုက်ခိုက်လာမည့် ရန်ဘေးမှ ကာကွယ်နိုင်ရန်၊ ကျေးရွာလူထုများကို အသုံးချလိုသောကြောင့် ဖြစ်ပါသည်။

မြန်မာတပ်မတော်က အခကြေးငွေ ပေးလျော်ခြင်းမရှိဘဲ လူ့အခွင့်အရေး ချိုးဖောက်၍ အဓမ္မလုပ်အား ခိုင်းစေနေခြင်းသည်၊ ဂျီနီဗာသဘောတူညီချက်များ၏ နောက်ဆက်တွဲကျင့်ထုံးများ (Additional Protocol II) ကို ချိုးဖောက်ကျူး လွန်နေမှု ဖြစ်ပါသည်။ ယင်းက လက်နက်ကိုင် ပဋိပက္ခများကြောင့်၊ သူတို့၏ လွတ်လပ်ခွင့် ဆုံးရှုံးနေကြရသူများအနေဖြင့် "အလုပ်ခိုင်းစေပါက၊ လုပ်ငန်းခွင်အခြေအနေကြောင့် အကျိုးရှိစေရမည်ဖြစ်ပြီး၊ ဒေသခံ အရပ်သားလူထုများခံစား နိုင်ကြသကဲ့သို့ ကာကွယ်ပေးမှုများ အလားတူခံစားနိုင်ကြရမည်" ဟုဖော်ပြထားသည်။ တိုက်ပွဲဖုန်အတွင်း အရပ်သားများကို စစ်တပ်အတွက် ပစ္စည်းများ အတင်းအကျပ်သယ်ဆောင်စေခြင်းဖြင့်လည်းကောင်း၊ လူသားဒိုင်းကာအဖြစ် အသုံးချခြင်းဖြင့်လည်းကောင်း အန္တရာယ်ရှိစေအောင် ဆောင်ရွက်ခြင်းသည်၊ အလားတူ နောက်ဆက်တွဲ ကျင့်ထုံးများကို ချိုးဖောက်ကျူးလွန်ရာ ရောက်သည်။ ယင်းတွင် ဖော်ပြထားရာ၌၊ "အရပ်သားလူထုများနှင့် လူတစ်ဦးချင်း အရပ်သားများသည် စစ်ဆင်ရေးများကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်ဖြစ်ရပ်များမှ အထွေထွေသော ကာကွယ်ပေးမှုကို ခံစားနိုင်ရမည်" ဟု ဖော်ပြထားသည်။

## အရပ်သားပိုင်ဆိုင်မှုများကို လုယက်ခြင်းနှင့် ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်း

(TWO) အဖွဲ့က အရပ်သားပြည်သူများ၏ ပိုင်ဆိုင်မှုပစ္စည်းများအပေါ် လုယက်ခြင်းနှင့် ရည်ရွယ်ချက်ရှိရှိဖြင့် တမင် ဖျက်ဆီးသော ဖြစ်ရပ် ၁၁ ခုကို မြို့နယ် ၅ ခုရှိ၊ ကျေးရွာ ၁၁ ခုတွင် မြန်မာတပ်မတော်၏ တပ်ရင်း/တပ်ဖွဲ့ ၁၁ ခုတို့က ကျူးလွန်ခဲ့ကြကြောင်း မှတ်တမ်းတင်ထားနိုင်ခဲ့သည်။ ဤဖြစ်ရပ်များတွင် အိမ်များကို ချိုးဖျက်ဝင်ခြင်း၊ ဆန်၊ အစားအသောက်၊ ငွေကြေး၊ မော်တော်ဆိုင်ကယ်၊ မိုဘိုင်းဖုန်းစသည့် ပစ္စည်းများကို ခိုးယူခြင်းတို့ ပါဝင်သည်။

များမကြာသေးမီက၊ ၂၀၁၆ ခုနှစ်၊ မတ်လတွင် မြန်မာတပ်မတော် တပ်ဖွဲ့များက ကျေးရွာလူထုများ၏ အိမ်များနှင့် ရိက္ခာသိုလှောင်ထားရာ နေရာများကို တမင်သက်သက် မီးရှို့ဖျက်ဆီးခဲ့ကြသည်ကို တွေ့ရှိရသည်။ ကွတ်ခိုင်မြို့တွင် ရွာ ၃ ရွာ၌ အိမ် ၁၉ လုံးနှင့် စပါးကျီအားလုံးကို တပ်မ ၃၃ ၏ တပ်ဖွဲ့များက လုံးဝမီးရှို့ဖျက်ဆီးခဲ့ကြသည်။

အရပ်သားပိုင်ဆိုင်မှု ပစ္စည်းများကို လုယက်ခြင်း/ ဖျက်ဆီးခြင်းသည် နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေများအပေါ် ချိုးဖောက်ခြင်း ဖြစ်ပြီး၊ ဂျီနီဗာ နိုင်ငံတကာသဘောတူညီချက် ပုဒ်မ-၄၊ နောက်ဆက်တွဲ ကျင့်ထုံးများ (Protocol II) တွင် အတိအကျပြဋ္ဌာန်းထားသည်။ စားနပ်ရိက္ခာသိုလှောင်ရုံများကို တမင် ရည်ရွယ်ဖျက်ဆီးခြင်းကို (နောက်ဆက်တွဲကျင့်ထုံးများ၏ ပုဒ်မ-၁၄ အရ တားမြစ်ထားပါသည်။



ကွတ်ခိုင်မြို့တွင်း ရွာများရှိ အိမ်များကို
တပ်မ ၃၃ ၏ တပ်ဖွဲ့များမှ မီးရှို့ဖျက်ဆီးခဲ့ခြင်း



တပ်မ ၃၃ မှ စပါးအိတ်များ မီးရှို့ဖျက်ဆီးခဲ့ခြင်း

## တရားမျှတမှု မရရှိနိုင်ခြင်း

မြန်မာတပ်မတော် တပ်ဖွဲ့များက ကျူးလွန်ချိုးဖောက်သော လူ့အခွင့်အရေးချိုးဖောက်မှု အများစုတွင်၊ ကျေးရွာလူထု များက အာဏာပိုင်များထံ တိုင်ကြားရန် မဝံ့ရဲကြပါ။ အကြောင်းမှာ စစ်တပ်က လက်စားချေတုံ့ပြန်မည်ကို ကြောက်ရွံ့နေကြသောကြောင့် ဖြစ်ပါသည်။ ပေါ်တာအဖြစ် အလုပ်ခိုင်းစေခံရသော ကျေးရွာလူထုတစ်ဦးက ရှင်းပြရာတွင် "ကျနော်တို့က တိုင်စာပို့ချင်ပါတယ်။ ဒါပေမယ့်လည်း ကျနော်တို့မှာ တိုင်ကြားဖို့ နေရာမရှိဘူး။ အကယ်၍တိုင်ကြား မယ်ဆိုရင်တောင်၊ အဲသလို ဆောင်ရွက်ဖို့ မရဲကြပါဘူး။ စစ်တပ်စခန်းက ကျနော်တို့ရွာနဲ့ သိပ်နီးကပ်ပါတယ်။ ကျနော်တို့က သူတို့ကို ကြောက်နေကြရပါတယ်" ဟု ဆိုပါသည်။

ကျေးရွာလူထုများက တိုင်ကြားဝံ့သည် ဟူသည်မှာ ရှားပါးသည့် ဖြစ်ရပ်သာဖြစ်သည်။ စစ်တပ်အာဏာပိုင်များက ပုံမှန်အားဖြင့် အရပ်သားများ ခံစားရသော ဒဏ်ရာရရှိမှုများ၊ သေဆုံးရမှုများအတွက် တာဝန်ယူလေ့မရှိပါ။ ဖြစ်ရပ်တစ်ခုတွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ၌ တပ်မ ၇၇ က ညှဉ်းပန်းနှိပ်စက်သောကြောင့်၊ ဒဏ်ရာရရှိခဲ့သော၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားနေရသော ကျေးရွာသားတစ်ဦး၏ကိစ္စကို ကျေးရွာလူထုများက မြန်မာတပ်မတော်သို့ တိုင်ကြားနိုင်ခဲ့ကြသည်။ ဒေသခံတပ်မှူးက ဆေးကုသစားရိတ်အဖြစ် ကျပ် ၅၀၀,၀၀၀ (အမေရိကန်ဒေါ်လာ ၅၀၀ ခန့်) ကို ပေးအပ်ခဲ့သည်။

ရဲများက စစ်တပ်ကိုဆန့်ကျင်၍ သူတို့ဖက် ရပ်တည်ပေးလာမည်ဟု ကျေးရွာလူထုများက မျှော်လင့်ချက်အနည်းငယ် ရှိကြသည်။ (TWO) အဖွဲ့က မှတ်တမ်းတင်ထားသော ဖြစ်ရပ် ၂ ခုတွင်၊ ရဲများကိုယ်၌က အရပ်သားများအပေါ် ကြီးလေးသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေကြောင်း တွေ့ရှိရသည်။ ဖြစ်ရပ်တစ်ခုတွင်၊ ၂၀၁၂ ခုနှစ်၊ မတ်လ၌ ကွတ်ခိုင်ရှိ နမ့်ဖတ်ကာမြို့တွင် ဒေသခံ ရဲ ဒု-တပ်မှူးက လူငယ်ယောကျ်ားလေးတစ်ဦးကို အငြင်းပွားမှုဖြစ်အပြီး၊ ပစ်ခတ်ခဲ့သည်။ ယင်းနှစ် ဩဂုတ်လတွင်၊ ရွှေ့ပြောင်းအခြေချ ၂ ဦးကို မူဆယ်ရှိရဲများက သံတုတ်ဖြင့် ရိုက်နှက်သောကြောင့် ဆေးရုံတင် ကုသခဲ့ရသည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင်၊ မူဆယ်အနီး သူ၏လယ်ကွင်းထဲတွင် သေအောင်ရိုက်သတ်ခံရသူ၊ အသက် ၅၇ နှစ်ရှိပြီဖြစ်သူ ဦးအိုက်လင်း၏ ဆွေမျိုးသားချင်းများက ရုပ်အလောင်းကို မူဆယ်ဆေးရုံသို့ သယ်ဆောင်၍ ခွဲစိတ်စစ်ဆေးခဲ့ကြပါသည်။ သို့တိုင်အောင် ရဲများက ဤအမှုကို မိမိဘာသာသတ်သေမှုအဖြစ် စာရင်းသွင်းခဲ့ကြသည်။

# နိဂုံးနှင့် အကြံပြုချက်များ

ယခုအစီရင်ခံစာတွင် မြန်မာတပ်မတော်က စစ်ရာဇဝတ်မှုများ ကျူးလွန်နေကြောင်း၊ အထူးသဖြင့် ညှဉ်းပန်းနှိပ်စက် ခြင်း၊ အရပ်သားပစ်မှတ်များကို ဖုံးကွဲခြင်းများ၊ အရပ်သားများကို ပေါ်တာဆွဲခြင်း၊ လူသားဒိုင်းကာအဖြစ်သုံးခြင်း ကဲ့သို့သော ကျွန်ပြုမှုများကို ရှမ်းပြည်နယ် မြောက်ပိုင်း တအာင်းဒေသရှိ စစ်ဆင်ရေးထိုးစစ်များအတွင်း အကျယ်အပြန့်နှင့် စနစ်တကျ ကျင့်သုံးနေကြောင်း သက်သေအထောက်အထားများကို ဖော်ပြထားပါသည်။

ဤသို့သော ရာဇဝတ်မှုများကို ကျူးလွန်သော်လည်း အပြစ်ပေးအရေးယူခံရခြင်း လုံးဝကင်းလွတ်ခွင့်ရှိနေသည့် အနေအထားတွင်၊ ဒေသအခြေစိုက် တပ်ရင်းများသာမက၊ မြန်မာပြည် အလယ်ပိုင်းမှ လာကြသော တိုက်ခိုက်ရေးတပ်မများကပါ ဤရာဇဝတ်မှုများကို ကျင့်သုံးနေကြရာ၊ ဗဟိုအမိန့်ပေးဌာနများက အာဏာပေးခွင့်ပြုထားသည်ဟု ဖော်ပြနေပါသည်။

(TWO) အဖွဲ့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယခုတိုင် အရပ်သားထိန်းချုပ်မှုမှ ကင်းလွတ်ခွင့်ရနေသော မြန်မာ့တပ်မတော်က "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်"များကို ဆန့်ကျင်၍ တိုင်းရင်းသားဒေသများတွင် စစ်ဆင်ရေးထိုးစစ်များကို ဆက်လက်ဆောင်ရွက်နေရုံမျှမက၊ တိုင်းရင်းသား ပြည်သူ များအပေါ် စစ်ရာဇဝတ်မှုများကို စနစ်တကျ ကျူးလွန်ချိုးဖောက်နေရာ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများကို အတိအလင်းချိုးဖောက်နေခြင်း ဖြစ်သည့်အတွက် အထူး စိုးရိမ်ပူပန်မိ ပါသည်။

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) က စစ်တပ်၏ အာဏာကို ချုပ်ထိန်းရန်နှင့် ယင်း၏ စစ်ရာဇဝတ်မှုများ ကျူးလွန်နေမှု၊ ကျူးလွန်မှုများအပေါ် အပြစ်ကင်းလွတ်နေနိုင်ခွင့်တို့ကို ချုပ်ထိန်းကန့်သတ်ရန် အရေးတကြီး လိုအပ်နေပါသည်။ လက်ရှိအစိုးရအောက်တွင် စစ်တပ်နှင့် အာဏာခွဲ ဝေရယူခြင်းမျှဖြင့်၊ စစ်တပ်၏ ဗိုလ်နေမြဲကျားနေမြဲ အခြေအနေကို ဆက်လက်ထိန်းသိမ်းထားပေးရုံမျှသာ ရှိပါမည်။ စစ်ပွဲများကို ဆက်လက်ကျူးလွန်နေစေမည်ဖြစ်ပြီး၊ တိုင်းရင်းသား ပြည်သူများ အနေဖြင့်လည်း မဖော်ပြနိုင်သည့် နစ်နာခံစားမှုများကို ဆက်လက်၍ ထိခိုက်ခံစားနေရစေမည် ဖြစ်ပါတော့သည်။

## သို့အတွက်ကြောင့် တအောင်းအမျိုးသမီး အဖွဲ့အစည်းက အောင်ပါအချက်များကို တောင်းဆိုလိုက်ပါသည်။

### အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ဦးဆောင်သည့် အစိုးရသစ်သို့ -

- တစ်နိုင်ငံလုံး အပစ်ရပ်စဲရေးအတွက် ချက်ချင်း အမိန့်ထုတ်ပြန်ပါရန်နှင့် အပြည့်အဝ အင်အားစုအားလုံးပါဝင်နိုင်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အသစ်ကို စတင်ပါရန်။ ယင်းတွင် တိုင်းရင်းသားတော်လှန်ရေးအင်အားစုအားလုံး စစ်မှန်သည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ခွင့် ရှိစေရမည် ဖြစ်ပါသည်။
- လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပြစ်တင်ရှုံ့ချရန်နှင့် အဆုံးသတ်စေရန်။ ယင်းတို့တွင် တိုင်းရင်းသားဒေသများ အတွင်းရှိ အရပ်သား ဧရိယာများကို မြန်မာတပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ ဗုံးကျဲခြင်းများ အပါအဝင် ဖြစ်သည်။
- မြန်မာ့တပ်မတော်၏ စစ်ရာဇဝတ်မှု ကျူးလွန်မှုများအတွက် သီးခြားလွတ်လပ်သည့် အချက်အလက်ရှာဖွေဖော် ထုတ်ရေး ကော်မရှင် တစ်ရပ် ဖွဲ့စည်းပါရန်။
- နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ အချက်အလက်ရှာဖွေဖော်ထုတ်ရေး ကော်မရှင် (IHFFC) ကို ဖိတ်ခေါ်၍ မြန်မာ့တပ်မတော်က ကျူးလွန်ချိုးဖောက်သော စစ်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမှုများ ပြုပါရန်။
- စစ်ပွဲဖြစ်ပွားရာနေရာများရှိ ပြည်တွင်းဒုက္ခသည်များ (IDPs) ကို၊ သူတို့ဆန္ဒအလျောက် လုံခြုံစွာအိမ်ပြန်နိုင်ကြသည်အထိ၊ ကူညီနိုင်ရန် နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီပေးရေး အဖွဲ့အစည်းများကို လွတ်လပ်စွာ သွားရောက်ခွင့်ပြုပါရန်။

### နိုင်ငံတကာ မိသားစုသို့ -

- မြန်မာအစိုးရကို ဖိအားပေး၍ မြန်မာ့တပ်မတော်၏ ထိုးစစ်များရပ်ဆိုင်းပါရန်၊ တိုင်းရင်းသားပြည်သူများအပေါ် ကျူးလွန်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ရပ်ဆိုင်းစေရန်။ ပြည်တွင်းဒုက္ခသည် လူထုများထံ လွတ်လပ်စွာ သွားရောက် ထိတွေ့နိုင်ရေး၊ အကူအညီပေးနိုင်ရေးအတွက် အကူအညီပေးရေး အေဂျင်စီများကို ခွင့်ပြုပေးနိုင်ရန်။
- မြန်မာ့တပ်မတော်နှင့် စစ်တပ်ချင်း ထိတွေ့ဆက်ဆံနေမှုများကို ချက်ချင်းရပ်ဆိုင်းပါရန်။ အကြောင်းမှာ စနစ်တကျ ရာဇဝတ်မှု ကျူးလွန်နေမှုများအပေါ် သက်ရောက်မှုလုံးဝမရှိသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် လူ့အခွင့်အရေး ချိုးဖောက်နေသည့် အဖွဲ့အစည်း အင်စတီကျူရှင်းအပေါ် တရားဝင်ပြုပေးရာ ရောက်စေသောကြောင့် ဖြစ် သည်။
- နေရာအားလုံးရှိ ပြည်တွင်းဒုက္ခသည် (IDPs) များနှင့် ဒုက္ခသည်များ၏ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များအပေါ် ဦးစားပေး ကူညီနိုင်ရန်နှင့် ဒေသခံ ရပ်ရွာအခြေစိုက် လူမှုအဖွဲ့အစည်းများမှတဆင့် အကူအညီများကိုပေးအပ် နိုင်ရန်။

# နောက်ဆက်တွဲများ

မြန်မာ့တပ်မတော်နှင့် အခြားသော လုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်ချိုးဖောက်မှုများစာရင်း အသေးစိတ် (TWO မှ မှတ်တမ်းတင်ထားသည်။) (မတ်လ ၂၀၁၁ ခုနှစ်- မတ်လ ၂၀၁၆ ခုနှစ်)

## ၁။ အတင်းအကျပ် ဖမ်းဆီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် တရားမဝင် သတ်ဖြတ်ခြင်း

| စဉ် | ချိုးဖောက် ကျူးလွန်သည့် ရက်စွဲ | ချိုးဖောက် ကျူးလွန်သည့် နေရာ | ချိုးဖောက်မှု အမျိုးအစား | ချိုးဖောက်ကျူးလွန်မှု အသေးစိတ် | ကျူးလွန်သည့် စစ်တပ် တပ်ရင်း/ တပ်မ (များ) |
|---|---|---|---|---|---|
| ၁ | မတ်လ ၁၇ ရက်၊ ၂၀၁၁ ခုနှစ်။ | မန်စပ်ကျေးရွာ၊ နမ့်ခမ်း | ညှဉ်းပန်း နှိပ်စက်ခြင်း | မီးသွေးကားများမှ ကားမောင်းသူ ၂ ဦးကို စစ်ကြော၍ ရိုက်နက်ခဲ့သည်။ အကြောင်းပြချက် မရှိဘဲ သူတို့ကို ပါးရိုက်ခဲ့သည်။ | တပ်ကြပ်ကြီး အောင်ထိုက်၊ မျိုးအောင်၊ တပ်မ ၈၈။ |
| ၂ | ဧပြီလ ၁၄ ရက်၊ ၂၀၁၁ ခုနှစ်။ | ကောင်းတိန်နှင့် ညောင်ပင်လ ကျေးရွာများ၊ ကျောက်မဲ | အတင်းအကျပ် ဖမ်းဆီးခြင်းနှင့် ညှဉ်းပန်း နှိပ်စက်ခြင်း | ကောင်းတိန်မှ PSLF အဖွဲ့ဝင်ဟောင်း ၁ ဦးနှင့် ညောင်ပင်လမှ လယ်သမား ၁ ဦးတို့ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် ဆက်သွယ်သည်ဟု သံသယဖြင့် အတင်းအကျပ် ဖမ်းဆီး၍ မျက်နှာ၊ ခေါင်းတို့ကို တုတ်ဖြင့် ရိုက်သည်။ ကန်ကျောက်သည်။ မှတ်ချက် ဧပြီလ ၁၇ရက်၊ ၂၀၁၁ ခုနှစ်တွင်၊ တစ်ဦးကို ထောင်ဒဏ် ၈ နှစ်ချမှတ်ခဲ့သည်။ အခြားတစ်ဦးကို ၂ နှစ် ချမှတ်ခဲ့သည်။ | စကခ-၁။ ခမရ-၅၀၂ |
| ၃ | ဩဂုတ်လ ၁၆ ရက်၊ ၂၀၁၁ ခုနှစ်။ | လွယ်စွမ်ကျေးရွာ၊ မန်တုံ | တရားမဝင် သတ်ဖြတ်ခြင်း | အဓမ္မပေါ်တာဆွဲခံရမည်ကို ကြောက်ရွံ့၍ ရွာတွင်း ပုန်းအောင်းနေသူ ရွာသား ၁ ဦးကို ပစ်ခတ်၊ သတ်ဖြတ်ခဲ့သည်။ | (ဗိုလ်မှူးထွန်း ဦးဆောင်သော) ခလရ ၁၃၀ |

| | | | | | |
|---|---|---|---|---|---|
| ၄ | အောက်တို ဘာလ၊ ၂၀၁၁ ခုနှစ်။ | ပန်းခါးကျေးရွာ၊ မန်တုံ | ညှဉ်းပန်း နှိပ်စက်ခြင်းကြောင့် သေဆုံးရခြင်း | ကျေးရွာအတွင်းရေးမှူးနှင့် ဥက္ကဋ္ဌ တို့ ပြင်းထန်စွာ ရိုက်နှက်ခံကြရသည်။ ဥက္ကဋ္ဌ သေဆုံးသည်အထိ ဖြစ်ခဲ့ရသည်။ | ခလရ ၁၃၀ |
| ၅ | ဒီဇင်ဘာလ၊ ၂၀၁၁ | ပန်းခါးကျေးရွာ၊ မန်တုံ | ညှဉ်းပန်း နှိပ်စက်ခြင်း | ကျေးရွာသားတစ်ဦးကို ကျေးရွာတွင်း ညမထွက်ရ အမိန့်ကို မနာခံသော ကြောင့် သေနတ်ဒင်ဖြင့် ကျောနှင့် ခြေထောက်တွင် ထောင်းခံရသည်။ | ဗိုလ်မှူးကြီးအောင်ဖြိုး ဦးဆောင်သော ခလရ ၁၄၄၊ |
| ၆ | ဇန်နဝါရီလ ၃-၄ ရက်၊ ၂၀၁၂ ခုနှစ်။ | မုံးဝီးကျေးရွာ၊ နမ့်ခမ်း | အရပ်သားများကို ပစ်ခတ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းကြောင့် (သေဆုံးသည် အထိဖြစ် စေခြင်း) | ကျေးရွာလူထု ၁ ဦးမှာ ပစ်ခတ်၍ လက်ထိပ်ခတ်ခံရသည်။ ပစ်ခံရ ပြီးနောက် မြေပေါ်တွင် သူ့ကို တရွတ်ဆွဲ၍ သွားခဲ့သည်။ သူ၏ ဆွေမျိုးများကိုလည်း ကုသခွင့် မပေးပေ။ ဒဏ်ရာများကြောင့် ထိုသူ သေဆုံးခဲ့ရသည်။ | ခမရ ၅၀၇ နှင့် ပန်းဆေးပြည်သူ့စစ် |
| ၇ | မတ်လ ၁၃ ရက်၊ ၂၀၁၂ ခုနှစ်။ | မိုးလုံနှင့် မိုးနွဲ့ကျေးရွာများ၊ မန်တုံ | တရားမဝင် သတ်ဖြတ်ခြင်း | လယ်သမား ၂ ဦး သူတို့၏ လယ်ကွင်းမှ အပြန် တပ်နှင့် တွေ့ဆုံရာ ပစ်ခတ်သတ်ဖြတ်ခံရသည်။ | ဒု-ရင်းမှူး မျိုးမြင့်နှင့် ဗိုလ်မှူးကြီး အောင်မြင့်ဦး ဦးဆောင်သော ခလရ ၁၃၀ |
| ၈ | မေလ ၁၅ ရက်၊ ၂၀၁၂ ခုနှစ်။ | လွယ်ကုန်၊ နမ့်ဖတ်ကာမြို့၊ ကွတ်ခိုင် | တရားမဝင် သတ်ဖြတ်ခြင်း | ရဲနှင့် အငြင်းပွားစဉ် လူငယ် ယောကျ်ားလေးတစ်ဦးမှာ ပစ်သတ် ခံရသည်။ | ရဲ- ရဲဒုစခန်းမှူး (သန်းဦး) |
| ၉ | ဇွန်လ ၉ ရက်၊ ၂၀၁၂ ခုနှစ်။ | မာဝေါကျေးရွာ၊ ဆိုင်းလိန်ကျေးရွာ အုပ်စု၊ မန်တုံ | ညှဉ်းပန်း နှိပ်စက်ခြင်း | စစ်သားများထံမှ အစားအစာ၊ အရက်၊ စီးကရက်များ မဝယ်ယူ သောကြောင့် ကျေးရွာလူထု တစ်ဦး မှာ ရိုက်နှက်ခံရသည်။ ပါးရိုက်ခံရ သည်။ | ခလရ ၁၃၀ |
| ၁၀ | ဇူလိုင်လ ၂၆ ရက်၊ ၂၀၁၂ ခုနှစ်။ | သက်မွန်ကျေးရွာ၊ ဇယန်း မြောက်၊ နမ့်ဆန် | တရားမဝင် သတ်ဖြတ်ခြင်း | သူတို့၏လာရာလမ်းတွင် စစ်သား ၉၀ နှင့် တွေ့ဆုံရာ ရွာသား ၁ ဦးမှာ ပစ်သတ်ခံရသည်။ (ကျန် ၂ ဦးမှာ လွတ်မြောက်သွားသည်။) | ခမရ ၃၂၄ |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | ဩဂုတ်လ ၁၅ ရက်၊ ၂၀၁၂ ခုနှစ်။ | ပန်ဆွေကျေးရွာ၊ မန်တုံ | အတင်းအကျပ် ဖမ်းဆီးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း | အဖေနှင့် သားကို (TNLA) နှင့် ဆက်သွယ်သည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ပြီး၊ စစ်ဆေးကြသည်။ သေနတ်ဖြင့် ထုနက်ခြင်း၊ ကြိုးဖြင့် တုပ်ခြင်း၊ ပလပ်စတစ်အိပ်ဖြင့် အသက်ရှူမွမ်းအောင် ဆောင်ရွက်ကြ သည်။ | ခမရ ၅၀၁ (စစ်သား ၂၀ ဦး) |
| ၁၂ | ဩဂုတ်လ ၁၂ ရက်၊ ၂၀၁၂ ခုနှစ်။ | မူဆယ်မြို့နယ် | ညှဉ်းပန်းနှိပ်စက်ခြင်း | တရုတ်-မြန်မာနယ်စပ်သို့ အလုပ် လုပ်ကိုင်ရန် ရွှေ့ပြောင်း ထွက်ခွာသူ ၂ ဦးကို သူတို့၏ခေါင်းတွင် သံတုတ်ဖြင့် ရိုက်နက်သောကြောင့်၊ ဆေးရုံတင် ခဲ့ရသည်။ | မူဆယ်ရဲစခန်းမှ ရဲ ၂ ဦး |
| ၁၃ | ဩဂုတ်လ ၁၈ ရက်၊ ၂၀၁၂ ခုနှစ်။ | တွန်ဟုန်း ကျေးရွာ၊ မန်တုံ | ညှဉ်းပန်းနှိပ်စက်ခြင်း | ကျေးရွာသား ၁ ဦးကို ကြိုးဖြင့်တုပ်၍ လည်ပင်းကို ဓားနှင့်ထိုးသည်။ သူ၏ လယ်သို့သွားသည်ကို ကြည့်၍ (TNLA) စစ်သားဟု သူ့ကို စွပ်စွဲခဲ့ကြ သည်။ | ခလရ ၃၂၄ |
| ၁၄ | ဩဂုတ်လ ၃၀ ရက်၊ ၂၀၁၂ ခုနှစ်။ | တောင်မဲကျေးရွာ၊ နမ့်ဆန် | အတင်းအကျပ် ဖမ်းဆီးခြင်း | ရွာသား ၁ ဦးမှာ SSA နှင့် ဆက်သွယ် သည်ဟု သံသယရှိသောကြောင့် အတင်းအကျပ် ဖမ်းဆီးခံရသည်။ | ခလရ ၁၁၅ - ဗိုလ်ကြီး သန်းထွန်းနှင့် နမ့်ဆန် ပြည်သူ့စစ်များ |
| ၁၅ | စက်တင်ဘာလ ၁-၇ ရက်၊ ၂၀၁၂ ခုနှစ်။ | ပန်ဆွေကျေးရွာ၊ မန်တုံ | တရားမဝင် သတ်ဖြတ်ခြင်း | (TNLA) စစ်သားတစ်ဦးကို သူ၏ တာဝန်ချိန်မဟုတ်ဘဲ၊ အိမ်အပြန် ရွာတွင် ဖမ်းဆီးခဲ့ကြပြီး၊ ပြင်းထန်စွာ ညှဉ်းပန်း နှိပ်စက်ပြီး၊ သတ်ဖြတ်ခဲ့သည်။ (သူ၏ဦးခေါင်းတွင် ဒဏ်ရာ များနှင့် ကိုယ်တွင် သေနတ်ဒဏ်ရာ တွေ့ရှိကြရသည်။) | ခလရ ၁၃၀ |
| ၁၆ | စက်တင်ဘာလ ၄ ရက်၊ ၂၀၁၂ ခုနှစ်။ | အုန်းခမဲနှင့် အုန်း မတပ် ကျေးရွာ၊ နမ့်ဆန် | (အဓမ္မပေါ်တာ အဖြစ် ခိုင်းစေနေစဉ်) ညှဉ်းပန်းနှိပ်စက်ခြင်း | အုန်းခမဲမှ ကျေးရွာသား ၃ ဦးနှင့် အုန်းမထပ်မှ ကျေးရွာသား ၁ ဦးကို အတင်းအကျပ် လမ်းပြခိုင်းသည်။ စစ်တပ် ပစ္စည်း များ သယ်ဆောင်ခိုင်းကာ ခေါင်းတွင် ရိုက်နက်ခံကြရသည်။ | ခလရ ၁၁၅ (နောင်ချို အခြေစိုက်) |
| ၁၇ | စက်တင်ဘာလ ၁၀ ရက်၊ ၂၀၁၂ ခုနှစ်။ | ထက်ကျတ် ကျေးရွာ (မန်ပွန်) မန်တုံ | အတင်းအကျပ် ဖမ်းဆီးခြင်း ညှဉ်းပန်း နှိပ်စက်ခြင်း | အဖေနှင့် သားကို စစ်ကြော၊ တစ်ည ထိန်းသိမ်းထားပြီး၊ သေနတ်များဖြင့် ထုထောင်းခံကြရသည်။ ပါးရိုက်ခံ ကြရပြီး၊ အဝတ်များကိုလည်း အတင်းအကျပ် ချွတ်စေသည်။ (TNLA စစ်သားဖြစ်ကြောင်း အမှတ်အသားများ ကြည့်ရှုရန် ဖြစ်သည်။) | ခလရ ၁၃၀ |

| | | | | | |
|---|---|---|---|---|---|
| ၁၈ | စက်တင်ဘာလ ၁၆ ရက်၊ ၂၀၁၂ ခုနှစ်။ | နမ့်တန်ကျေးရွာ၊ မန်တုံ | အတင်းအကျပ် ဖမ်းဆီးခြင်း ညှဉ်းပန်းနှိပ်စက်ခြင်း | ကျေးရွာသား ၁ ဦးကို ဖမ်းဆီး၍ လက်ထိပ်ခတ်သည်။ သူ၏လက်ကို သေနတ်ဖြင့် ထုထောင်းသည်။ မျက်နှာကို ရိုက်နှက်သည်။ | ခလရ ၁၃၀ |
| ၁၉ | နိုဝင်ဘာလ ၁၉ ရက်၊ ၂၀၁၂ ခုနှစ်။ | ကွန်းစလန်း ကျေးရွာ၊ မိုင်းဝေ့၊ ကျောက်မဲ | ညှဉ်းပန်းနှိပ်စက်ခြင်း | ကျေးရွာလူထု ၁ ဦးမှာ ရိုက်နှက်၊ စစ်ကြောခံရသည်။ | ခလရ ၅၀၂ ၏ တပ်မှူး |
| ၂၀ | နိုဝင်ဘာလ ၂၄ ရက်၊ ၂၀၁၂ ခုနှစ်။ | ဘုရားကြီး ကျေးရွာ၊ နမ့်ဆန် | တရားမဝင် သတ်ဖြတ်ခြင်း | ပန်ဆရီမှ ဘုရားကြီးသို့ အပြန်လမ်း တွင် မြန်မာစစ်တပ်များက ဦးအိုက်စိုင်းကို ပစ်ခတ်သတ်ဖြတ် ခဲ့သည်။ | ခလရ ၅၀၂ |
| ၂၁ | နိုဝင်ဘာလ ၂၆ ရက်၊ ၂၀၁၂ ခုနှစ်။ | မန်ပြေကျေးရွာ၊ နမ့်ဆန် | အတင်းအကျပ် ဖမ်းဆီးခြင်း၊ ပျောက်ဆုံးစေခြင်း | ဦးအိုက်ပွေကို (TNLA) နှင့် ဆက် သွယ်သည်ဟု သံသယဖြင့် ဖမ်းဆီး ၍ စစ်ကြောခံရသည်။ ပျောက်ဆုံး နေဆဲ ဖြစ်သည်။ | ခလရ ၅၀၂ နှင့် (ထွန်းမြတ်လေး ဦးဆောင်) နမ့်ဆန်/ ဝေါင်းဆိုင် ပြည်သူ့စစ် |
| ၂၂ | ဒီဇင်ဘာလ ၁၅ ရက်၊ ၂၀၁၂ ခုနှစ်။ | လွယ်မောက် ကျေးရွာ၊ မန်တုံ | ညှဉ်းပန်းနှိပ်စက်ခြင်း | (TNLA) နှင့် ဆက်သွယ်သည်ဟု စွပ်စွဲ၍ ရွာသား ၁ ဦးနှင့် ရွာလူကြီး ၁ ဦးကို ရင်ပတ်တွင် သေနတ်ဒင်ဖြင့် ထုထောင်း ရိုက်နှက်သည်။ | ခလရ ၁၃၀ |
| ၂၃ | မတ်လ ၂၀ ရက်၊ ၂၀၁၃ ခုနှစ်။ | ဆောင်ဟိမ် ကျေးရွာ၊ နမ့်ဆန် | ညှဉ်းပန်းနှိပ်စက်ခြင်း၊ တရားမဝင် သတ်ဖြတ်ခြင်း | (TNLA) စစ်သား ၃ ဦး တာဝန်ချိန် ပြင်ပတွင် ညှဉ်းပန်း နှိပ်စက်၍ သတ်ဖြတ်ခံရသည်။ သူတို့၏ ကိုယ် ခန္ဓာတွင် သေနတ်ဒဏ်ရာများ တွေ့ရသည်။ သူတို့၏ ခန္ဓာနှင့် မျက်နှာများကို ဓားဖြင့်လှီးဖြတ် ထားသည်။ | ခလရ ၅၀၄ |
| ၂၄ | ဧပြီလ ၁၄ ရက်၊ ၂၀၁၃ ခုနှစ်။ | လွယ်စရန်းကျေး ရွာ၊ နမ့်ဖက်ကာ၊ ကွတ်ခိုင် | ညှဉ်းပန်းနှိပ်စက်ခြင်း | ကျေးရွာလူထု ၁၂ ဦးမှာ ဖမ်းဆီး၍ ညှဉ်းပန်းနှိပ်စက်ခံရ သည်။ (ကြိုးဖြင့် တုပ်နှောင်ခြင်း၊ သေနတ် ဒင်ဖြင့် ထုထောင်းခြင်း၊ ပါးရိုက်ခြင်း) | ခလရ ၄၅ နှင့် ပန်းဆေးပြည်သူ့စစ် |

| | | | | | |
|---|---|---|---|---|---|
| ၂၅ | ဧပြီလ ၁၅ ရက်၊ ၂၀၁၃ ခုနှစ်။ | လွယ်စရန်းကျေးရွာ၊ နမ့်ဖက်ကာ၊ ကွတ်ခိုင် | အတင်းအကျပ် ဖမ်းဆီးခြင်း နှင့် ညှဥ်းပန်းနှိပ်စက်ခြင်း | ကျေးရွာလူထု ၅ ဦးမှာ ဖမ်းဆီး၍ ညှဥ်းပန်းနှိပ်စက်ခံရသည်။ | ခလရ ၄၅ |
| ၂၆ | မေလ ၂၉ ရက်၊ ၂၀၁၃ ခုနှစ်။ | ပန်ယန်းကျေးရွာ၊ နမ့်ဆန် | တရားမဝင် သတ်ဖြတ်ခြင်း | အသက် ၈၇ နှစ်အရွယ်ရှိ ဦးဘအေးမှာ သူ၏အိမ်တွင် ပစ်ခတ် သတ်ဖြတ် ခံရသည်။ | ခလရ ၁၃၀ နှင့် ဝေါင်းဆိုင် ပြည်သူ့စစ် |
| ၂၇ | ဇွန်လ ၂၀ ရက်၊ ၂၀၁၃ ခုနှစ်။ | မန်စပ်နှင့် နားအော်ကြီးကျေးရွာများ၊ မန်တုံ | သေနတ်များဖြင့် ခြိမ်းခြောက်ခြင်း | ကျေးရွာသား ၃ ဦးကို (TNLA) နှင့် ဆက်သွယ်သည်ဟူ၍ သေနတ်ပြ ခြိမ်းခြောက်ခံရသည်။ | ခလရ ၁၃၀ |
| ၂၈ | ဇွန်လ ၂၁ ရက်၊ ၂၀၁၃ ခုနှစ်။ | လုံကန်း၊ ပိန်းပွန်း၊ မန်စိန် ကွတ်ခိုင် မြို့နယ် | ညှဥ်းပန်းနှိပ်စက်ခြင်း | ကျေးရွာခေါင်းဆောင် ၃ ဦးမှာ ပြင်းထန်စွာ ရိုက်နှက်ခံကြရသည်။ | ခမရ ၁၄၅ (ကွန်းလုံ) နှင့် ပန်းဆေးပြည်သူ့စစ် |
| ၂၉ | စက်တင်ဘာလ၊ ၂၀၁၃ ခုနှစ်။ | ဆောင်ဟိန် ကျေးရွာ၊ မန်တုံ | အတင်းအကျပ် ဖမ်းဆီးခြင်း | ကျေးရွာလူထု ၂ ဦးမှာ အတင်း အကျပ် ဖမ်းဆီးခံရသည်။ | ခလရ ၅၀၂ (ခိုမွန် စခန်း) |
| ၃၀ | ဇန်နဝါရီလ ၁၂ ရက်၊ ၂၀၁၄ ခုနှစ်။ | ပန်းဆေးဇရိယာ၊ နမ့်ခမ်း | ညှဥ်းပန်းနှိပ်စက်ခြင်း | (UNODC) မှ ယောက်ျားဝန်ထမ်း ၂ ဦးကို သေနတ်များဖြင့် သူတို့၏ ဦးခေါင်း၊ ခန္ဓာကိုယ်တွင် ထုနှက်သည်။ သူတို့က ဘိန်းသီးနှံ စောင့်ကြည့်လေ့လာမှု ပြုနေစဉ်တွင် ဖြစ်သည်။ | ပန်းဆေးပြည်သူ့စစ် |
| ၃၁ | ဇန်နဝါရီလ ၁၆ ရက်၊ ၂၀၁၄ ခုနှစ်။ | ဟိုမိန်းကျေးရွာ၊ နမ့်ဆန် | အတင်းအကျပ် ဖမ်းဆီးခြင်း နှင့် ညှဥ်းပန်းနှိပ်စက်ခြင်း | ကျေးရွာလူကြီး၊ ဘုန်းတော်ကြီး နှင့် ရွာသား ၅ ဦးကို ဖမ်းဆီး၍ ရိုက်နှက် သည်။ မျက်နှာများ ရိုက်နှက်ခံရ သည်။ (ယင်းကျေးရွာတွင် TNLA အဖွဲ့ကို တော်လှန်ရေးနေ့ ကျင်းပခွင့်ပြု၍ဟု အကြောင်းပြသည်။) | ခလရ ၅၀၂-၅၀၆ |
| ၃၂ | ဖေဖော်ဝါရီလ ၂၇ ရက်၊ ၂၀၁၄ ခုနှစ်။ | ပန်ဖြတ်ကျေးရွာ၊ ကျောက်မဲ | ညှဥ်းပန်းနှိပ်စက်ခြင်း, တရားမဝင် သတ်ဖြတ်ခြင်း | (TNLA) စစ်သား ၃ ဦးကို စစ်သုံ့ပန်း အဖြစ် ဖမ်းဆီးခံရပြီး၊ ကြိုးဖြင့်တုပ် သည်။ တစ်ဦးကို အရှင်လတ်လတ် မြေမြှုပ်သည်။ ကျန်သူများကို မျက်နှာနှင့် လက်များတွင် | တပ်မ ၇၇ |

| | | | | | |
|---|---|---|---|---|---|
| | | | | ဓားဖြင့် မွန်း၍ ညှဉ်းပန်းနှိပ်စက်သည်။ သေနတ်ဖြင့် ထုထောင်းပြီး နောက်ဆုံး ပစ်ခတ်သတ်ဖြတ်သည်။ ပုန်းအောင်းနေရာမှ ထိုသူများကို ကယ်ဆယ်ရန် ထွက်လာသော သူတို့၏တပ်မှူးလည်း ညှဉ်းပန်း နှိပ်စက်ခံရပြီး၊ ပစ်သတ်လိုက်သည်။ | |
| ၃၃ | ဖွန်လ ၁၇ ရက်၊ ၂၀၁၄ ခုနှစ်။ | ပန်ဆေ့ကျေးရွာ၊ မန်တုံ | အတင်းအကျပ် ဖမ်းဆီးခြင်း နှင့် ညှဉ်းပန်းနှိပ်စက်ခြင်း | (TNLA) နှင့် ဆက်သွယ်သည်ဟု မသင်္ကာ၍ မိသားစုတစ်ခုလုံးကို ဖမ်းဆီးသည်။ အဖေဖြစ်သူကို မိုဘိုင်းဖုန်း ရှိနေသောကြောင့်ဟု ဆိုကာ၊ ကြိုးတုပ်၍ ရိုက်နှက်သည်။ | ခလရ ၉၅ |
| ၃၄ | နိုဝင်ဘာလ ၁ ရက်၊ ၂၀၁၄ ခုနှစ်။ | ဟိုချောင်း ကျေးရွာ၊ ကယားလမ်းကျေးရွာ အုပ်စု၊ နမ့်ဆန် | ညှဉ်းပန်းနှိပ်စက်ခြင်း | ကျေးရွာလူထု ၄ ဦးမှာ ရိုက်နှက်၊ ကန်ကျောက်ခံရသည်။ | တပ်မ ၇၇ အောက်ရှိ ခမရ ၁၀၆ |
| ၃၅ | ဖေဖော်ဝါရီလ ၁၅ ရက်၊ ၂၀၁၅ ခုနှစ်။ | ကယားလမ်း ကျေးရွာ၊ နမ့်ဆန် | ညှဉ်းပန်းနှိပ်စက်ခြင်း | ကျေးရွာသား ၁ ဦးမှာ ညှဉ်းပန်း နှိပ်စက်ခံရသည်။ (ကြိုးဖြင့်တုပ်၍ ရိုက်နှက်ခြင်း၊ ယခုအခါ စိတ်မတည် ငြိမ်ပါ)။ | တပ်မ ၇၇ |
| ၃၆ | ဖေဖော်ဝါရီလ ၁၇ ရက်၊ ၂၀၁၅ ခုနှစ်။ | မန်အောင် ကျေးရွာ၊ နမ့်ခမ်း | ညှဉ်းပန်းနှိပ်စက်ခြင်း | ကျေးရွာသား ၁ ဦး (အသက် ၂၆ နှစ်) မှာ ညှဉ်းပန်းနှိပ်စက်ခံရသည်။ (သေနတ်ဖြင့် ထုထောင်းခံရခြင်း) | တပ်မ ၈၈ အောက်ရှိ ခလရ ၃၁၇ |
| ၃၇ | ဖေဖော်ဝါရီလ ၂၅ ရက်၊ ၂၀၁၅ ခုနှစ်။ | ရွှေညောင်ပင် ကျေးရွာ၊ မိုးမိတ်၊ | ညှဉ်းပန်းနှိပ်စက်ခြင်း | လက်ဖက်ခင်းတွင် ကျေးရွာသား ၂ ဦး ဖမ်းဆီးခံရပြီး ညှဉ်းပန်းနှိပ်စက် ခံရသည်။ (ကန်ကျောက်ခြင်း၊ ရိုက်နှက်ခြင်း) | တပ်မ ၈၈ |
| ၃၈ | မတ်လ ၈ ရက်၊ ၂၀၁၅ ခုနှစ်။ | နမ်မော့ကျေးရွာ၊ တာမိုးညဲ၊ ကွတ်ခိုင် | အတင်းအကျပ် ဖမ်းဆီးခြင်း နှင့် ညှဉ်းပန်းနှိပ်စက်ခြင်း | ကျေးရွာ ဥက္ကဋ္ဌမှာ အဖမ်းခံရသည်။ ကြိုးဖြင့်တုပ်နှောင်၍၊ တိုက်ပွဲပြီး နောက်တွင် ရိုက်နှက်ခံရသည်။ | တပ်မ ၁၁ (မွန်စီ အခြေစိုက်) |

| | | | | | |
|---|---|---|---|---|---|
| ၃၉ | မတ်လ ၁၀ ရက်၊ ၂၀၁၅ ခုနှစ်။ | မိုးမိတ်မြို့ | ညှဉ်းပန်းနှိပ်စက်ခြင်း | ကျေးရွာလူထု ၂ ဦးမှာ သေနတ်ဖြင့် ထုထောင်းခံရသည်။ | တပ်မ ၈၈ |
| ၄၀ | မတ်လ ၁၁ ရက်၊ ၂၀၁၅ ခုနှစ်။ | မိုင်းဆတ် ကျေးရွာ၊ နမ့်ကတ်၊ မူဆယ် | ညှဉ်းပန်းနှိပ်စက်ခြင်း | ရွာသား ၁ ဦးကို ခြေထောက်တွင် သေနတ်ဖြင့် ပစ်ခတ်ပြီးနောက် ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ (သေနတ်ဖြင့် ထုထောင်းရာ၊ မျက်စေ့တစ်ဖက်တွင် ဒဏ်ရာရရှိသည်။ ပါးစပ်တွင်းသို့ ဓာတ်ဆီလောင်းချသည်။) | တပ်မ ၈၈ မှ တပ်ကြပ်ကြီး တစ်ဦး |
| ၄၁ | ဧပြီလ ၂၇ ရက်၊ ၂၀၁၅ ခုနှစ်။ | နမ့်ကတ်ကျေးရွာ၊ မူဆယ် | ညှဉ်းပန်းနှိပ်စက်ခြင်း နှင့် တရားမဝင် သတ်ဖြတ်ခြင်း | (TNLA) စစ်သား ၂ ဦးကို ဖမ်းဆီး၍ ရွာအနီး တောအုပ်သို့ ခေါ်သွား သည်။ ကြိုးတုပ်၍ သေနတ်ဖြင့် ထုထောင်းပြီး၊ သူတို့၏ ခန္ဓာကိုယ် အရေပြားကို လှီးဖြတ်သည်။ ထို့နောက် ပစ်သတ်လိုက်သည်။ ရွာသားများက မီးသွေးဖုတ်သွားသောအခါ သူတို့၏ ရုပ်အလောင်းကို ပြန်တွေ့ ကြရသည်။ | တပ်မ ၇၇ |
| ၄၂ | ဖွန်လ ၂၆ ရက်၊ ၂၀၁၅ ခုနှစ်။ | ပန်ကန်းကျေးရွာ၊ ပောင်းကန် ကျေးရွာ အုပ်စု၊ မန်တုံ | အတင်းအကျပ် ဖမ်းဆီးခြင်း နှင့် တရားမဝင် သတ်ဖြတ်ခြင်း | ရွာသား ၂-ဦးမှာ သူတို့၏ လယ်ကွင်း တွင် ဖမ်းဆီးခံရ၍ ပျောက်ဆုံး နေကြသည်။  လယ်ကွင်းအနီးတွင် သူတို့၏ ရုပ်အလောင်းများ မြှုပ်နှံ ထားသည်ကို တွေ့ရှိကြရသည်။ | ခလရ ၃၂၄၊ ခလရ ၁၃၀ |
| ၄၃ | စက်တင်ဘာလ ၁၀ ရက်၊ ၂၀၁၅ ခုနှစ်။ | ၁၀၅ မိုင် ဇေရိယာ၊ မူဆယ် | အတင်းအကျပ် ဖမ်းဆီးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း | ကျေးရွာလူထု ၈ ဦးမှာ ဖမ်းဆီး၍ ညှဉ်းပန်းနှိပ်စက်ခံရသည်။ သေနတ်ဖြင့် ထုထောင်းခြင်း၊ ပါးရိုက်ခြင်း ခံကြရသည်။ | ခမရ ၄၅ |
| ၄၄ | အောက်တိုဘာလ ၁၅ ရက်၊ ၂၀၁၅ ခုနှစ်။ | ၁၀၅ မိုင် ဇေရိယာ၊ မူဆယ် | ညှဉ်းပန်းနှိပ်စက်ခြင်း နှင့် တရားမဝင် သတ်ဖြတ်ခြင်း | ကျွဲနွားကျောင်းနေစဉ် ရွာသား ၁ ဦး ပျောက်ဆုံးသွားသည်။ ၅ ရက်ကြာ သောအခါ ရိုက်နက်ခံရ၍ သေနေသော သူ၏ ရုပ်အလောင်းကိုတွေ့ကြ ရသည်။ | (ထိုအချိန်က ယင်း ဒေသအတွင်း လှုပ်ရှားနေသည့်) တပ်မ ၉၉ ဟု မသင်္ကာဖွယ် ရှိသည်။ |

| | | | | | |
|---|---|---|---|---|---|
| ၄၅ | ဒီဇင်ဘာလ ၂၃ ရက်၊ ၂၀၁၅ ခုနှစ်။ | စေကောင်းကျေးရွာ၊ နမ့်ခမ်း | အတင်းအကျပ် ဖမ်းဆီးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း | ကျေးရွာလူထု ၇၈ ဦး ဖမ်းဆီးခံရ သည်။ လူ ၁၁ ဦးကို ကြိုးတုပ်၍ သေနတ်ဖြင့် ထုထောင်းသည်။ သူတို့ ၏ ဦးခေါင်းများကို စစ်ဖိနပ်ဖြင့် ကန်ကျောက်သည်။ | ခလရ ၃၂၄ နှင့် ပန်းဆေး ပြည်သူ့စစ် |
| ၄၆ | ဒီဇင်ဘာလ ၂၄ ရက်၊ ၂၀၁၅ ခုနှစ်။ | ပန်ရွှတ်(၁) ကျေးရွာ၊ နမ့်ခမ်း | ညှဉ်းပန်းနှိပ်စက်ခြင်း | ကျေးရွာသား ၁ ဦးမှာ ဖမ်းဆီး၍ ညှဉ်းပန်းနှိပ်စက်ခံ ရသည်။ | ခလရ ၃၂၄ နှင့် ပန်းဆေး ပြည်သူ့စစ် |
| ၄၇ | ဇန်နဝါရီလ ၁၀ ရက်၊ ၂၀၁၆ ခုနှစ်။ | ကောင်းနိမ် ကျေးရွာ၊ တာမိုးညဲ၊ ကွတ်ခိုင် | အတင်းအကျပ် ဖမ်းဆီးခြင်း နှင့် ညှဉ်းပန်းနှိပ်စက်ခြင်း | ရွာသား ၃ ဦးကို ဖမ်းဆီး၍ ကြိုးဖြင့် တုပ်သည်။ (TNLA) နှင့် ဆက်သွယ် သည်ဟု မသင်္ကာမှုဖြင့် ဓားနောင့်ဖြင့် ထုနက်သည်။ | တပ်မ ၃၃၊ တပ်မ ၉၉ |
| ၄၈ | ဖေဖော်ဝါရီလ ၂၂ ရက်၊ ၂၀၁၆ ခုနှစ်။ | ကောင်းလော ကျေးရွာ၊ ဟိုပုန်း ကျေးရွာအုပ်စု၊ ကွတ်ခိုင် | အတင်းအကျပ် ဖမ်းဆီးခြင်း နှင့် ညှဉ်းပန်းနှိပ်စက်ခြင်း | ရွာသား ၃ ဦးကို အတင်းအကျပ် ဖမ်းဆီး၍ ရိုက်နက်သည်။ လက်များကို ဓားဖြင့်မွှန်းသည်။ သူတို့၏ ကိုယ်ကို ထင်းချောင်း များဖြင့် မီးရှို့သည်။ | တပ်မ ၃၃, တပ်မ ၉၉ |
| ၄၉ | မတ်လ ၆ ရက်၊ ၂၀၁၆ ခုနှစ်။ | ငေါ့ငါးကျေးရွာ ကွတ်ခိုင် | အတင်းအကျပ် ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းထားခြင်း | ကွတ်ခိုင် (စစ်စခန်း) တွင် ရွာသား ၄ ဦးကို ထိန်းသိမ်းထားသည်။ | တပ်မ ၉၉ |
| ၅၀ | မတ်လ ၉ ရက်၊ ၂၀၁၆ ခုနှစ်။ | ကောင်းနိမ် ကျေးရွာ၊ ကွတ်ခိုင် | အတင်းအကျပ် ဖမ်းဆီးခြင်း နှင့် စစ်ကြောခြင်း | ကျောင်းသား ၁ ဦးအပါအဝင်၊ ရွာသား ၂၀ ကို အကြောင်းပြချက် မရှိပါဘဲ ဖမ်းဆီး၍ စစ်ကြောသည်။ တပ်ရင်း ၂၀၉ စစ်စခန်းတွင် ထိန်းသိမ်းထားသည်။ | တပ်မ ၆၆ |
| ၅၁ | မတ်လ ၁၁ ရက်၊ ၂၀၁၆ ခုနှစ်။ | ပန်လော့ကျေးရွာ၊ မိုင်းငေါ့၊ ကျောက်မဲ | အတင်းအကျပ် ဖမ်းဆီးခြင်း နှင့် ညှဉ်းပန်းနှိပ်စက်ခြင်း | ရွာသား ၅ ဦးကို အတင်းအကျပ် ဖမ်းဆီးသည်၊ စစ်ကြော သည်။ မျက်နှာတွင် ရိုက်နက်သည်။ ရဲစခန်းတွင် ထိန်းသိမ်းထားသည်။ | တပ်မ ၇၇ (၇၇၁၊ ၇၇၂) |

| | | | | | |
|---|---|---|---|---|---|
| ၅၂ | မတ်လ ၁၁ ရက်၊ ၂၀၁၆ ခုနှစ်။ | မိုင်ဆတ်ကျေးရွာ၊ နမ်ကတ်ကျေးရွာ အုပ်စု၊ မူဆယ် | ညှဉ်းပန်းနှိပ်စက်ခြင်း | ရွာသားတစ်ဦးကို ထင်းရှာဖွေပြီး၍ အပြန်တွင်၊ စစ်ကြော၍ ခြေထောက် နှင့် မျက်နှာတို့ကို ရိုက်နှက်သည်။ | တပ်မ ၈၈ |
| ၅၃ | မတ်လ ၁၃ ရက်၊ ၂၀၁၆ ခုနှစ်။ | ကောင်းနိမ် ကျေးရွာ၊ ကွတ်ခိုင် | အတင်းအကျပ် ဖမ်းဆီးခြင်း | ကျောင်းသား ၁ ဦးအပါအဝင်၊ ရွာသား ၄ ဦးကို အတင်းအကျပ် ဖမ်းဆီးသည်၊ စစ်ကြောသည်။ | တပ်မ ၆၆ |
| ၅၄ | မတ်လ ၁၄ ရက်၊ ၂၀၁၆ ခုနှစ်။ | စယ်နေကျေးရွာ၊ နမ့်ခမ်း | တရားမဝင် သတ်ဖြတ်ခြင်း | (အသက် ၁၇ နှစ်အရွယ်) မိန်းကလေးတစ်ဦးမှာ သူမ၏ ရွာသို့ အပြန်တွင် ပစ်သတ်ခံရသည်။ ရွာတွင် တိုက်ပွဲ ဖြစ်ပွားသောကြောင့် တောတွင်းသို့ ထွက်ပြေးပြီးအပြန်တွင် ပစ်ခတ်ခံရခြင်း ဖြစ်သည်။ | တပ်မ ၃၃ |
| ၅၅ | မတ်လ ၁၄ ရက်၊ ၂၀၁၆ ခုနှစ်။ | ကောင်းနိမ် ကျေးရွာ၊ တာမိုးညဲ၊ ကွတ်ခိုင် | အတင်းအကျပ် ဖမ်းဆီးခြင်း | ရွာသား ၂၃ ဦးကို (TNLA) နှင့် ဆက်သွယ်သည်ဟု မသင်္ကာမှုဖြင့် အတင်းအကျပ် ဖမ်းဆီးခဲ့သည်။ | တပ်မ ၉၉ နှင့် တပ်မ ၃၃ |
| ၅၆ | မတ်လ ၁၆ ရက်၊ ၂၀၁၆ ခုနှစ်။ | ပါလိုင်ကျေးရွာ၊ မိုင်းလုံမြို့နယ်ခွဲ၊ ကျောက်မဲ | အတင်းအကျပ် ဖမ်းဆီးခြင်း နှင့် ထိန်းသိမ်းထားခြင်း | ရွာသား ၅၀ ကျော်ကို ဖမ်းဆီး၍ မုန်းငေါ် စစ်စခန်းတွင် ထိန်းသိမ်း ထားသည်။ | တပ်မ ၇၇ |
| ၅၇ | မတ်လ ၂၁ ရက်၊ ၂၀၁၆ ခုနှစ်။ | ပါလိုင်ကျေးရွာ၊ မိုင်းလုံ၊ ကျောက်မဲ | ညှဉ်းပန်းနှိပ်စက်ခြင်း | အကြောင်းပြချက်မရှိဘဲ ရွာသား ၅ ဦးကို ရိုက်နှက်သည်။ ကြိုးဖြင့် တုပ် သည်။ | ခလရ ၁၁၅ |
| ၅၈ | မတ်လ ၂၃ ရက်၊ ၂၀၁၆ ခုနှစ်။ | ခုန်းတာကျေးရွာ၊ နမ့်ဆန် | ညှဉ်းပန်းနှိပ်စက်ခြင်း | ရွာသား ၅ ဦးကို သူတို့၏ လက်ဖက် ခင်းများမှ အပြန်တွင်၊ စစ်ကြော၍ ရိုက်နှက်သည်။ ပါးရိုက်သည်။ | ခလရ ၅၀၅၊ ခလရ ၁၁၅ |
